# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၀၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး


စာမျက်နှာ ၃ ကော်လံ ၁ ➔




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။




# ပြည်တွင်းရော်ဘာ အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးဆောင်ရွက်

ရော်ဘာသည် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရေး အမျိုးသားပို့ကုန် မဟာဗျူဟာရည်မှန်းချက်တွင် တတိယအရေးပါဆုံးသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးဧက ၁၆ သိန်းကျော် ရှိနေသော်လည်း အထွက်နှုန်းနှင့် အရည်အသွေးတို့ကောင်းမွန်ရေး၊ တိုးချဲ့စိုက်ပျိုးရေးတို့အတွက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ သို့ဖြစ်ရာ ရော်ဘာထုတ်လုပ်မှုနှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရော်ဘာအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ၊ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာစေရေးဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် ကျင်းပပြုလုပ်သည့် "မြန်မာရော်ဘာဖိုရမ်-၂၀၂၃"က မြန်မာ့ရော်ဘာကဏ္ဍတစ်ခုလုံးအတွက် အရေးပါသည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်မိသည်။

မြန်မာနိုင်ငံမှ နှစ်စဉ်ရော်ဘာတန်ချိန် သုံးသိန်းကျော် ထွက်သည့်အနက် တန်ချိန်နှစ်သောင်းကျော်ခန့်ကိုသာ ပြည်တွင်း၌ သုံးစွဲနေခြင်းဖြစ်ရာ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မှတ်ပုံတင်ကားစီးရေ တစ်သန်းရှစ်သောင်းကျော်ရှိပြီး မှတ်ပုံတင်ထားပြီးသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီအပါအဝင် စက်တပ်ယာဉ်စီးရေ ခုနစ်သန်းသုံးသိန်းကျော်ရှိသည်။ ထို့အပြင် စက်ဘီး၊ ဆိုက်ကား စသည့် ဘီးတပ်ယာဉ်များလည်း ရှိနေရာ ၎င်းယာဉ်များအတွက် တာယာ၊ ကျွတ် စသည့်ဈေးကွက်မှာလည်း ကြီးမားသည်။ ပြည်တွင်းတာယာဈေးကွက်တွင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများမှ တာယာများကို အဓိက တင်သွင်းသုံးစွဲနေကြခြင်းဖြစ်ရာ ရော်ဘာတောင်သူများ၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းရှင်များ၏ အားထုတ်ကြိုးပမ်းမှု၊ နိုင်ငံတော်၏အားပေးကူညီမှုတို့ဖြင့် စက်မှုလုပ်ငန်းများထူထောင်ပြီး အရည်အသွေးကောင်းမွန်သော တာယာအမျိုးမျိုးထုတ်လုပ်၍ ဈေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းများ ပြည်ပမှ တင်သွင်းနေရခြင်းနှင့်စပ်လျဉ်း၍ "စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များကို နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅ သန်းဖိုးခန့် တင်သွင်းနေရပါကြောင်း၊ ပြည်တွင်း၌ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများတိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များကို ပြည်တွင်း၌ မဖြစ်မနေထုတ်လုပ်ရန် အလေးအနက်ထား တိုက်တွန်းရခြင်းဖြစ်ပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ရော်ဘာကိုအခြေခံ၍ ကလေးကစားစရာမှသည် လူသုံး၊ အိမ်သုံး၊ ကျန်းမာရေးသုံး၊ စက်မှုလုပ်ငန်းသုံး၊ ယာဉ်ယန္တရားသုံး ပစ္စည်းအမျိုးအမည် မြောက်မြားစွာ ထုတ်လုပ်နိုင်သည့်အတွက် ရော်ဘာနှင့် MSME တို့ ဆက်စပ်လျက်ရှိသည်။ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုအပေါ်တွင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေမည့်အပြင် သွင်းကုန်အစားထိုးနိုင်ခြင်း၊ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ရော်ဘာ အခြေခံထုတ်ကုန်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း စသည့်ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း။ ။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို လက်ခံတွေ့ဆုံ

## မြန်မာအစိုးရနှင့် ကုလသမဂ္ဂနှင့်လက်အောက်ခံအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုအပ်နေသည့် ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ အဆင်ပြေချောမွေ့စွာ ပေးအပ်နိုင်ရေး နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ UNOCHA ရုံး၏ ဒုတိယအကြီးအကဲဖြစ်သူ Ms. Danielle Parry တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများ ဖွင့်လှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
ကြေညာချက်

**သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများ ဖွင့်လှစ်ခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ်(၂၀၂၃ ခုနှစ်အောင်) (ပထမနှစ်ဝင်) သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝင်)သင်တန်းများကို (၁၆-၁၁-၂၀၂၃) ရက်နေ့မှ စတင်၍ နံနက် (၉)နာရီမှ ညနေ (၄)နာရီအထိ ကျောင်းအပ်လက်ခံပြီး ပထမနှစ်(ပထမနှစ်ဝင်) သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝင်၊ ဒုတိယနှစ်ဝင်)သင်တန်းအားလုံးအား (၂၃-၁၁-၂၀၂၃) ရက်နေ့၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်(ပထမနှစ်ဝင်) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၉-၁၁-၂၀၂၃)ရက်နေ့၌ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် သက်ဆိုင်ရာ သမဝါယမကောလိပ်များတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

**သမဝါယမဦးစီးဌာန**

## အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ MG, Marvel R အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ MG MGZS EV အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA V အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ❖ ရုရှား - မြန်မာ နှစ်နိုင်ငံအကြားစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမှုအခြေအနေများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ တွင်းထွက်သတ္တုများထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

❍ *ရွှေဖုံးမှ*

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV နှင့်အတူ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမှု အခြေအနေများ၊ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ တွင်းထွက်သတ္တုများ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝသယံဇာတများ ထိန်းသိမ်းနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ အမှုဆောင် အရာရှိချုပ် Mr. Alexander Sergeevich SHATIROV အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



## ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ နယ်မြေခံတပ်နယ်အတွင်းမှ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာရော်ဘာဖိုရမ် -၂၀၂၃ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာရော်ဘာဖိုရမ် -၂၀၂၃ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာရော်ဘာဖိုရမ် – ၂၀၂၃ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၂ (MICC–II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာရော်ဘာလုပ်ငန်းကဏ္ဍ ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ပြည်တွင်း Development Partner များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း၊ ရော်ဘာအဝယ်ဒိုင်များ၊ ပြုပြင်ထုတ်လုပ်သည့် စက်ရုံများ၊ ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းထုတ်လုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာရော်ဘာဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ရော်ဘာထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

### အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် "မြန်မာရော်ဘာဖိုရမ်–၂၀၂၃" ကို ရော်ဘာထုတ်လုပ်မှုနှင့် အရည်အသွေး တိုးတက်မြင့်မားရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရော်ဘာ အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ၊ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာစေရေးဆိုသည့် ရည်ရွယ်ချက် (၃) ရပ်ဖြင့်ကျင်းပခြင်းဖြစ်ပြီး ဆောင်ပုဒ်မှာ **"ရော်ဘာကဏ္ဍရေရှည် တည်တံ့ဖွံ့ဖြိုးရေး၊ ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန် မြှင့်တင်ပေး"** ဟု သတ်မှတ်ထားပါကြောင်း။

- ❑ **စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၉ ခု တွင် ဧက ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားရှိပြီး အစေးခြစ်ဧက တစ်သန်းနီးပါးမှ ရော်ဘာတန်ချိန် သုံးသိန်းကျော်ထွက်ရှိ**
- ❑ **နှစ်စဉ်ထွက်ရှိသည့် ရော်ဘာထဲမှ ပြည်တွင်းသုံးစွဲမှုအနေဖြင့် တန်ချိန် နှစ်သောင်းကျော်ခန့်ရှိပြီး ပြည်ပကိုတန်ချိန် သုံးသိန်း ခန့်တင်ပို့လျက်ရှိ**
- ❑ **၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် ရော်ဘာတန်ချိန် လေးသိန်းခန့် တင်ပို့နိုင်ရေး လျာထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု သိရှိရ**

မိမိတို့နိုင်ငံတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ စသည့်သီးနှံအမျိုးပေါင်း ၆၁ မျိုး၊ စုစုပေါင်း သီးနှံစိုက်ဧရိယာဧက ၄၉ ဒသမ ၃၉ သန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၉ ခု တွင် ဧက ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားရှိပြီး အစေးခြစ်ဧက တစ်သန်း နီးပါးမှ ရော်ဘာတန်ချိန် သုံးသိန်းကျော်ထွက်ရှိပါကြောင်း၊ နှစ်စဉ်ထွက်ရှိသည့် ရော်ဘာထဲမှ ပြည်တွင်းသုံးစွဲမှုအနေဖြင့် တန်ချိန် နှစ်သောင်းကျော်ခန့်ရှိပြီး ပြည်ပကိုတန်ချိန် သုံးသိန်း ခန့်တင်ပို့လျက်ရှိပါကြောင်း၊ ၂၀၂၃ – ၂၀၂၄ ခုနှစ်တွင် ရော်ဘာတန်ချိန် လေးသိန်းခန့် တင်ပို့နိုင်ရေး လျာထားကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း။

### ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး

ရော်ဘာတင်ပို့မှုမှ နိုင်ငံခြားငွေရရှိမှုအနေဖြင့် ၂၀၁၈ – ၂၀၁၉ မှ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ မှ ၄၅၀ ကြားတွင် ရရှိခဲ့သည့်အတွက် ရော်ဘာသီးနှံသည် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရေးပါသည့် စက်မှုသီးနှံတစ်ခုဖြစ်သည်ဟု ပြောကြားလိုပါကြောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ရည်မှန်းချက်၏ ဦးစားပေး ပို့ကုန်အမယ်များတွင် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရော်ဘာ စတင်စိုက်ပျိုးထုတ်လုပ်သည်မှစ၍ မှိုင်းခံရော်ဘာပြားများ ထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများမှ ကုန်ချောများ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းစဉ်တစ်လျှောက်လုံး စနစ်တကျဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရှိရန် လိုအပ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

**မဟာဗျူဟာအစီအစဉ်ရေးဆွဲဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် ရှည်လျားသည့် ရော်ဘာစိုက်ပျိုးမှု သမိုင်းကြောင်းရှိခဲ့သော်လည်း လက်ရှိအခြေအနေတွင် ရော်ဘာအထွက်နှုန်းနှင့် အရည်အသွေးသည် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အောင်မြင်တိုးတက်မှု အပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အခြားသောနိုင်ငံများနည်းတူ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို မဟာဗျူဟာအစီအစဉ်များ ရေးဆွဲပြီး ကာလတို၊ ကာလရှည်စီမံကိန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME နှင့် အကျုံးဝင်သည့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အားပေးကူညီရမည်ဖြစ်ကြောင်း၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာစိုက်ပျိုးရေးသည် အဓိကကျကြောင်း၊ ရော်ဘာစတင်စိုက်ပျိုးသည်မှ အစေးထွက်ရှိသည့်အချိန်အထိ အချိန်ကာလအားဖြင့် ခုနစ်နှစ်ခန့် အချိန်ယူရကြောင်း၊ ကြိုတင်ပြင်ဆင်မှု ကောင်းမှသာ ရော်ဘာကဏ္ဍ တိုးတက်စေမည်ဖြစ်ကြောင်း၊ မြန်မာစကားပုံကဲ့သို့ **“အစကောင်းမှ အနှောင်းသေချာ”** မည်ဖြစ်ကြောင်းကိုလည်း သတိပြုစေလိုကြောင်း။

**ရော်ဘာတိုးချဲ့စိုက်ပျိုးရေး အားပေးကြရမည်**

မြန်မာနိုင်ငံ၏ လက်ရှိရော်ဘာထွက်နှုန်းသည် တစ်ဧကပျမ်းမျှပေါင် ၇၀၀ ခန့်သာ ထွက်သည်ဟု သိရှိရပါကြောင်း၊ အထွက်နှုန်းလျော့နည်းခြင်းသည် ယခင်စိုက်ပျိုးထားသည့် အထွက်နှုန်းနည်းသည့် မျိုးဟောင်းများကြောင့် ဖြစ်သည့်အတွက် ပင်အိုပင်ဟောင်းများကို အစားထိုးစိုက်ပျိုးရန် လိုအပ်သည်ကိုတွေ့ရပါကြောင်း၊ ဒေသအလိုက် ထောက်ခံထားသည့် မျိုးများအနက် တစ်ဧကလျှင် ပေါင် ၁၃၅၀ ခန့် ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးပြီးစီးမှုသည် စိုက်ဧကအားလုံး၏ ၂၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့်သာ ရှိသေးသည့်အတွက် နောင်စိုက်ခင်းသစ်များ ဆက်လက်ထူထောင်ရာတွင် အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် ဖူးဆက်ပျိုးပင်များ သုံးစွဲစိုက်ပျိုးရေးကို အလေးပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်မှုအပေါ် ချိန်ဆပြီး ရော်ဘာမျိုးကောင်းများ ပြောင်းလဲစိုက်ပျိုးရေး၊ တိုးချဲ့စိုက်ပျိုးရေးကို အလေးထား ဆောင်ရွက်ရန် သင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးရေးအတွက် သင့်တော်သည့်ရာသီဥတုနှင့် မြေနေရာများစွာရှိသည့်အတွက် ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း မိမိတို့ရေမြေသဘာဝနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ရော်ဘာအထွက်ကောင်းမျိုးများ မွေးမြူထုတ်လုပ်နိုင်ရန် လိုအပ်သည့် သုတေသနများကို နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာနက စဉ်ဆက်မပြတ် သုတေသနပြု ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ရော်ဘာတစ်ဧက အထွက်နှုန်းတိုးတက်ရုံတင်မက အရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း ရော်ဘာအစေးခဲ လုပ်ငန်းစဉ်၌ မှန်ကန်သည့် နည်းစနစ်ကျင့်သုံးရေး၊ မှန်ကန်သည့် ဓာတုပစ္စည်းများသုံးစွဲရေး ပညာပေးခြင်း၊ အရည်အသွေး အာမခံချက်ရှိသည့် ရော်ဘာများထုတ်လုပ်နိုင်ရေး ရော်ဘာတောင်သူအစုအဖွဲ့များ စုဖွဲ့ လုပ်ဆောင်ခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မြန်မာ့ရော်ဘာ၏ အရည်အသွေးနှင့် အဆင့်အတန်းအာမခံချက်ရှိမှသာလျှင် ဈေးကွက် ရရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ရော်ဘာစိုက်တောင်သူများအားလုံး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြည်တွင်းထုတ် ရော်ဘာထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး**

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေးဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှု ဖူလုံအောင် ဆောင်ရွက်ရေး၊ ပိုလျှံသည့်ရော်ဘာများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရေးနှင့် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဟူ၍ အပိုင်းသုံးပိုင်းခွဲခြား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ရန် အခြေခံကောင်းများရှိသော်လည်း ထုတ်လုပ်မှုကဏ္ဍကို အားပေးမှုမရှိခဲ့ခြင်း၊ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း စသည်များကြောင့် ပြည်ပမှရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းများ တင်သွင်းနေရခြင်းရှိနေပါကြောင်း၊ ဥပမာအားဖြင့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များကို နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅ သန်းဖိုးခန့် တင်သွင်းနေရပါကြောင်း၊ ပြည်တွင်း၌ ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာ ဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို ပြည်တွင်း၌ မဖြစ်မနေ ထုတ်လုပ်ရန် အလေးအနက်ထား တိုက်တွန်းရခြင်းဖြစ်ပါကြောင်း။

ယခုကျင်းပသည့် ရော်ဘာဖိုရမ်သည် ၂၀၁၈ ခုနှစ်က ကျင်းပခဲ့သည့် ရော်ဘာဖိုရမ်မှ ရရှိခဲ့သည့် ဆွေးနွေးမှုရလဒ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် တိုးတက်မှု အခြေအနေများကို ဆွေးနွေးကြမည်ဟု သိရပါကြောင်း၊ ထို့ပြင်ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အကြံဉာဏ်များ၊ ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဆွေးနွေးမှုရလဒ်များထဲမှ နိုင်ငံတော်က ဖြည့်ဆည်းပေးရမည့် မူဝါဒ၊ လမ်းညွှန်ချက်များ၊ ဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူရမည့် ကဏ္ဍများ၊ ရော်ဘာစိုက်တောင်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး တာဝန်ခွဲဝေကာ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ယနေ့ကျင်းပသည့် **“မြန်မာရော်ဘာဖိုရမ်-၂၀၂၃”** အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုရော်ဘာဖိုရမ်၌ပင် ဆွေးနွေးရုံနှင့်မပြီးဘဲ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ရော်ဘာလုပ်ငန်းရှင်များ၊ ရော်ဘာစိုက်တောင်သူများ စသည့်သက်ဆိုင်သူများအားလုံး အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က “မြန်မာရော်ဘာဖိုရမ် - ၂၀၂၃” ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရော်ဘာစိုက်တောင်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ရော်ဘာစိုက်ပျိုးမှုဆိုင်ရာ ပြခန်းများ၊ ရော်ဘာစိုက်ပျိုးရေးခြံသုံး စက်ပစ္စည်းပြခန်းများ၊ ပြည်တွင်းမှ ထုတ်လုပ်ထားရှိသည့် ကားတာယာများ၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များနှင့် ရော်ဘာထုတ်ကုန်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖျာပုံမြို့၌ သီးနှံအာမခံလုပ်ငန်း တောင်သူအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ဖျာပုံ နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာနှင့် တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းတို့မှ တိုင်းတာဝန်ခံတို့က သီးနှံအာမခံလုပ်ငန်း တောင်သူအသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက်က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သီးနှံအာမခံလုပ်ငန်းဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးရာတွင် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးအေးသိန်းနှင့် တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တိုင်းတာဝန်ခံ ဒေါ်ခင်ထွေးမေတို့က သီးနှံအာမခံ လုပ်ငန်းဆိုင်ရာများကို ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းဆွေးနွေးပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဖျာပုံခရိုင်အတွင်းရှိ ခရိုင် / မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းတင်ပြ ဆွေးနွေးကြရာ တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာနှင့် တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံတို့က ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ပါတီတာဝန်ခံများ တွေ့ဆုံ



**မကွေး နိုဝင်ဘာ ၉**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့်မကွေးတိုင်းဒေသကြီး နယ်မြေအတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ပါတီတာဝန်ခံများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်နှင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှဦးစီးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အတွင်းရေးမှူးများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီတို့မှ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ပါတီတာဝန်ခံများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ရက်ပေါင်း ၆၀ အတွင်း ယခင်နိုင်ငံရေးပါတီ ၅၀ က မှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခဲ့ပြီး ပါတီအသစ် ၁၄ ပါတီ လျှောက်ထားလာခဲ့ရာ စုစုပေါင်းပါတီမှတ်ပုံတင်ခွင့် လျှောက်ထားလာသည့် ပါတီ ၆၄ ပါတီ အနက် ၃၉ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပြုပြီးဖြစ်ကြောင်း၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်အင်အား အနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင်ခွင့်ပြုချက် ရရှိပြီးသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

**အားကောင်းသော ပါတီများဖြစ်ရန် လိုအပ်**

ထို့အတူ မှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံး သတ်မှတ်ထားသည့် ရုံးခန်း အရေအတွက်ကို ဖွင့်လှစ်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီထူထောင်ရာတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀၀၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ထားရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ ထူထောင်ရာတွင် စနစ်တကျဖြစ်စေရန် ကော်မရှင်မှ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံရန် နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး လုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်မည့်သူများဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့်အညီ ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီများဖြစ်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ မဲမသမာမှုများမဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး အများပြည်သူများအနေဖြင့် မဲပေးရာတွင် လွယ်ကူရှိုးရှင်းစွာ မဲပေးနိုင်ရန်နှင့် ပြောင်းလဲကျင့်သုံးမည့် PR စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏ အကူအညီဖြင့် ထီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများက လက်တွေ့ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများထူထောင်ရာတွင် ပါတီဝင်အင်အား၊ ပါတီရုံးခန်းများ ဖွင့်လှစ်ခြင်း၊ ရန်ပုံငွေထိန်းသိမ်းခြင်း စသည့်လုပ်ငန်းစဉ်များနှင့် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဥပဒေနှင့်အညီ မှန်ကန်စေရေး**

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီး ပါတီတာဝန်ခံများက ပါတီဝင်အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေး အတွက် စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ တတိယရာထူးအကြီးဆုံးနှင့် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်ဖြစ်သူ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou နှင့်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ တတိယရာထူးအကြီးဆုံးနှင့် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်ဖြစ်သူ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက် မဟာမင်းကြီး Mr. Raouf Mazou ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် Mr. Raouf Mazou ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ရခိုင်ပြည်နယ် မောင်တောမြို့၊ စစ်တွေမြို့နှင့် ရှမ်းပြည်နယ်တောင်ကြီးမြို့များသို့ သွားရောက်လေ့လာခဲ့မှု၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှု၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့်ဗီဇာနှင့် ပြည်တွင်းခရီးသွားလာခွင့် ကိစ္စများ၊ လူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုညွှန်ကြားရေးမှူး Mr. Indrika Ratwattee ၊ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



❖ *ကျောက်ဖုံးမှ*

နိုဝင်ဘာလအတွက် ဧည့်မထအုပ်စု ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ မှ ၆၀၀၀၀၊ ၁၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ မှ ၆၂၀၀၀၊ ၁၀ – ၅ မှတ် ဆန်တစ်အိတ်လျှင်ကျပ် ၆၂၀၀၀ မှ ၆၄၀၀၀ ၊ ရောမင်း ၊ ရောပဒေသာ ၊ အထူးဧည့်မထ အုပ်စု ၂၅ မှတ် ဆန်တစ်အိတ်လျှင်ကျပ် ၆၅၀၀၀ မှ ၇၀၀၀၀၊ ၁၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၅၀၀၀ ၊ ၁၀ – ၅ မှတ် ဆန်တစ်အိတ်လျှင်ကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ၊ ရောဝတီပေါ်ဆန်းမွှေး ၁၀ – ၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ဖြင့် ဈေးနှုန်းသတ်မှတ်ထားကြောင်း နိုဝင်ဘာ ၈ ရက်က ထုတ်ပြန်ကြေညာထားသည်။

၂၀၂၃ ခုနှစ်မိုးစပါးပေါ်ချိန်တွင် အသင်းဝင်ကုမ္ပဏီများ ၊ ဆန်စက်ပိုင်များ၊ ဆန်ကုန်သည်များက သင့်တင့်မျှတသော စပါးဈေးနှုန်းဖြင့် ဝယ်ယူဆောင်ရွက်ကြရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စက်တင်ဘာ ၂၀ ရက်က အသိပေးကြေညာခဲ့သည်။

**မျိုးမင်းသူရ**

## မောင်တောမြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်

**မောင်တော နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း (အထက်ဆင့်)နှင့် အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ဖြေဆိုသူ ၄၉ ဦးနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဖြေဆိုသူ ၆၄ ဦးရှိကြောင်း၊ Grade 5 မှ Grade 9 အထိ အတန်းလိုက်ပြိုင်ပွဲများမှ တစ်တန်းလျှင် တစ်ဦးစီ ရွေးချယ်၍ ပြည်နယ်အဆင့်သို့ ဆက်လက်ပြီး သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ လုပ်ငန်းဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(United Nations High Commissioner for Refugees–UNHCR) ၏ လုပ်ငန်းဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ (ယာပုံ) **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou ကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**လူမှုစီးပွားဘဝများတိုးတက်**

တွေ့ဆုံစဉ် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင်နေထိုင်ကြသည့်တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီအနေဖြင့် မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုအရ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးနှင့် နေရာချထားရေးအတွက် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက်ကဏ္ဍပေါင်းစုံမှဆောင်ရွက်နေသည့်အစီအမံများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စရပ်များတွင် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ပေးပို့ရမည့် (၁၀) ကြိမ်မြောက် မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုအစီရင်ခံစာအား သေချာစွာရေးသားရန်နှင့် တိုးတက်မှုအစီရင်ခံစာသည် အဓိကဖြစ်ပြီး အာရှ–ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Group– APJG) ၏ မျက်နှာစုံညီအစည်းအဝေးတွင် ဖြေကြားခဲ့သည့် ဖြေကြားချက်များအပေါ် မူတည်၍ FATF မျက်နှာစုံညီအစည်းအဝေးတွင် ဆုံးဖြတ်ခြင်းဖြစ်ပါကြောင်း၊ နည်းပညာအကူအညီ (Technical Assistance–TA) များရရှိရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံများအလိုက် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ရန်နှင့် လုပ်ငန်းအဖွဲ့ဝင်ဌာနအသီးသီးမှ တာဝန်ရှိသူများက အာရှ–ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group– APJG) သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် တင်ပြရမည့် တိုးတက်မှုအစီရင်ခံစာအား သတ်မှတ်ကာလအတွင်း အချိန်မီတင်ပြနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ရဲမှူးချုပ် မျိုးသူစိုးက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းက ကျင်းပပြုလုပ်ခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့်အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံ (Action Plan) ပါ အချက်များအပေါ် တိုးတက်မှုအစီရင်ခံစာရေးသားရေးအဖွဲ့က အချိန်မီရေးသားပြုစုနိုင်ရန်အတွက် လိုအပ်သည့်အချက်အလက်များအား ပံ့ပိုးရေးကိုလည်းကောင်း၊ မိမိတို့ ဌာနအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး)၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံစာရင်းကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# သရက်မြို့ ပြည်သူ့ဆေးရုံ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**သရက် နိုဝင်ဘာ ၉**

သရက်ခရိုင် ကုသရေးဦးစီးဌာနကကြီးမှူး၍ သရက်မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးအခမဲ့ စစ်ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်က သရက်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။

လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက အငြိမ်းစားဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG ရိုက်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ပေးသည်။ ကျန်းမာရေးစစ်ဆေးပေးရာတွင် အငြိမ်းစားဝန်ထမ်း ၂၈ ဦးအား စစ်ဆေးပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းကို သရက်ခရိုင်တွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံတိုင်းတွင်လည်း အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ကုသရေးဦးစီးဌာနမှ သိရသည်။

**ဇော်ထက်(သရက်)**



မြန်မာ့အလင်း သောကြာ၊ နိုဝင်ဘာ ၁၀၊ ၂၀၂၃

# မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်း ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင် သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဥပဒေ ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယ ရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ ဥပဒေမူကြမ်းစိစစ် ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးချုပ် ကျော်လင်းနှင့် တာဝန်ရှိသူများ တက် ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယ ဝန်ကြီး ဗိုလ်ချုပ် တိုးရီက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ ကို ပြင်ဆင်ရသည့်အကြောင်းအရင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရဲမှူးချုပ် ကျော်လင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်း ရေးဥပဒေကို ကိုင်တွယ်ကျင့်သုံးရာတွင် တိုးချဲ့ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံနှင့်ကိုက်ညီမှုရှိစေရန် လည်းကောင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေပါစကား ရပ်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ အုပ်ချုပ်မှုအာဏာနှင့်ပြစ်မှုကျူးလွန်သော တပ်ဖွဲ့ဝင်များ ချုပ်နှောင်ခွင့်၊ အကျဉ်း နည်းစစ်ဆေးခွင့်အာဏာများကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး များသာမက ရဲမှူးကြီးနှင့်အထက်အဆင့် ရှိ ရဲလေ့ကျင့်ရေးကျောင်းများမှ ကျောင်း အုပ်ကြီးများအား အခွင့်အာဏာပေးနိုင် ရန်လည်းကောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး ဥပဒေတွင် လိုအပ်သည့်ပုဒ်မများကို ပြင်ဆင်ဖြည့်စွက် ရခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို လက်ရှိ အခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြင်ဆင်ဖြည့်စွက်လိုသည့်ပုဒ်မများအား အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးဝက်ဘ်ဆိုက် မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ၏ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲ ရေးနှင့်ထိန်းသိမ်းရေးဝက်ဘ်ဆိုက် မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီး ဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားသို့စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင် မောင်ညွန့်၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြ ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့မှ ကိုယ်စား လှယ်များ၊ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မော်တာ၊ မီးသီး/မီးချောင်း တို့အား ထုတ်လုပ်/တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် ကိုယ်စားလှယ်များသည် Virtual စနစ်ဖြင့် တက်ရောက်သည်။

### အများပြည်သူများသိရှိနိုင်စေရန်

ယနေ့အခမ်းအနားကို စက်မှုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းစဉ် များကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်စေရေး နည်းပညာများ ဖြန့်ဝေနိုင်ရန်၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်စေရေး နည်းပညာများ ဖြန့်ဝေနိုင်ခြင်းဖြင့် အိမ်သုံးလျှပ်စစ် ပစ္စည်းများ တင်သွင်း/ထုတ်လုပ်/ဖြန့်ဖြူးရောင်းချနေ သည့်လုပ်ငန်းရှင်များအနေဖြင့် လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မီးသီး/မီးချောင်းနှင့် လျှပ်စစ်မော်တာ စသည့် ထုတ်ကုန်လေးမျိုးကို အွန်လိုင်းမှ မှတ်ပုံတင် ခြင်းစနစ်ကို အသုံးပြု၍ စွမ်းအင်စွမ်းဆောင်ရည် စံသတ်မှတ်ချက်ဆိုင်ရာ အမှတ်တံဆိပ်ကို ထုတ်ယူ ကပ်နိုပ်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အစီအစဉ်အရ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ၏ စွမ်းအင် အကျိုးရှိထိရောက်စွာသုံးစွဲရေး လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ စွမ်းအင်ခြိုးခြံချွေတာရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးဝက်ဘ်ဆိုက် နှင့်ထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့် တံဆိပ်ကပ်နိုပ် ခြင်းစနစ် အကောင်အထည်ဖော်မှုနှင့် ထုတ်ကုန်များ ကို အွန်လိုင်းမှ မှတ်ပုံတင်ခြင်းစနစ် အသုံးပြုပုံတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက် လာသူများက သိရှိလိုသည်များနှင့် ထုတ်ကုန်အရည် အသွေးစံသတ်မှတ်ခြင်းနှင့် တံဆိပ်ကပ်နိုပ်ခြင်း ဆိုင်ရာတို့ကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူ များက အသေးစိတ်ပြန်လည်ရှင်းလင်း ပြောကြားပြီး တက် ရောက်လာသူများသည် စွမ်းအင်အကျိုးရှိ ထိရောက် စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးဝက်ဘ်ဆိုက် လွှင့်တင် ရန် သဘောတူညီခဲ့ကြသည်။

### စွမ်းအင်ကို အဓိကအားထားမှီခိုနေ

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စွမ်းအင် အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သဘာဝ



ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေခြင်း၊ ထုတ်လုပ် မှုကုန်ကျစရိတ် သက်သာစေခြင်း၊ စွမ်းအင်ခြိုးခြံ ချွေတာနိုင်ခြင်း၊ နိုင်ငံခြားငွေအသုံးပြုရမှု လျော့နည်း သက်သာစေခြင်း၊ သဘာဝအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်ခြင်း၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် အလုပ်အကိုင်ရရှိခြင်း၊ ချွေတာ မှုမှရရှိသည့် စွမ်းအင်ပိုမိုအသုံးပြုနိုင်ခြင်း၊ နည်းလမ်း များ ရှာဖွေရသည့်အတွက် နည်းပညာများဖွံ့ဖြိုး တိုးတက်လာခြင်း၊ ပြည်သူများ၏ လူနေမှုအဆင့် အတန်းများလည်း တိုးတက်မြင့်မားလာမည်ဖြစ်ခြင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက် နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့်ပတ်သက်သည့် မူဝါဒများရေးဆွဲ ၍ ထိန်းကျောင်းကြပ်မတ်နိုင်ရေး ကြိုးစားဆောင်ရွက် လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းအသား တင်ထုတ်လုပ်မှုတန်ဖိုး (GDP) တွင် စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ အစဉ်အလိုက် ရပ်တည်လျက်ရှိကြောင်း၊ စက်မှုကဏ္ဍတွင် ပါဝင် သည့် ထုတ်လုပ်မှုလုပ်ငန်းများအားလုံးသည် စွမ်းအင်ကို အဓိကအားထား မှီခိုနေရကြောင်း၊ ထို့ကြောင့် စွမ်းအင်ကို လေလွင့်မှုအနည်းဆုံးနှင့် အကျိုးရှိထိရောက်စွာအသုံးပြုနိုင်လျှင် ပြည်တွင်း ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင် မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍ၌ အသိပညာရှင်၊ အတတ်ပညာရှင်များစွာရှိ၍ တီထွင် ဆန်းသစ်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း၊ တက်ရောက်လာသည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် များအားလုံးမှ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံး ပြုနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# သံတွဲမြို့၌ အလုပ်တွင် ထိခိုက်သေဆုံးခြင်းအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များထုတ်ပေး

**သံတွဲ နိုဝင်ဘာ ၉**

သံတွဲမြို့၌ အလုပ်တွင်ထိခိုက်သေဆုံးခြင်းအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့်များထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက သံတွဲခရိုင်



လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရွှေဦးစွာ ရခိုင်ပြည်နယ် လူမှုဖူလုံရေးရုံး ပြည်နယ်တာဝန်ခံအရာရှိ ဦးခင်မောင်ဦးက ၂၀၂၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် သံတွဲမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Art Of Sand Resort မှ အာမခံအလုပ် သမား ဦးမောင်မောင်ဝင်း သည် အလုပ်ခွင်အတွင်း မတော်တဆထိခိုက် သေဆုံးမှုအတွက်ရရှိသော ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ကျပ် ၈၁ သိန်းကို လူမှုဖူလုံရေးရုံး ပြည်နယ်တာဝန်ခံအရာရှိက ဇနီး ဖြစ်သူ ဒေါ်သူဇာဝင်း ထံသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အလုပ်ဌာနမှ တာဝန်ရှိသူများနှင့် မိတ်ဖက်ဌာနများရှေ့မှောက်တွင် လွှဲပြောင်းပေးအပ် ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၉**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့ တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကွမ်းခြံကုန်းမြို့ တွင် ၁ ဒသမ ၁၄ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ရန်ကုန်(ဗိုလ်တထောင်မြို့နယ်)တွင် ၀ ဒသမ ၂၄ လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၁၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူကျန်းမြို့တွင် ကျင်းပလျက်ရှိသည့် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံသတင်းအချက်အလက် ဗဟိုချက်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

## တရုတ်-အာဆီယံ အသိုက်အဝန်းတစ်ခုတည်ဆောက်ရာတွင်အရေးကြီးသည့်အတွက် မြန်မာနိုင်ငံကတက်ကြွစွာပူးပေါင်းဆောင်ရွက်နေ

**ဝူကျန်း နိုဝင်ဘာ ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူကျန်းမြို့တွင် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ (ဝူကျန်းထိပ်သီးအစည်းအဝေး)သို့ တက်ရောက်လျက်ရှိသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှူမွန်နှင့်အတူ နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံသတင်းအချက်အလက် ဗဟိုချက်ဆိုင်ရာဆွေးနွေးပွဲ (The 2nd Dialogue on China- ASEAN Information Harbor) သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဒုတိယအကြိမ်မြောက် တရုတ်- အာဆီယံ သတင်းအချက်အလက် ဗဟိုချက်ဆိုင်ရာဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

### အကြံကောင်းဉာဏ်ကောင်းများရရှိ

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားရာတွင် ဝူကျန်းမြို့သည် တရုတ်နိုင်ငံ၏ အထင်ကရ စာရေးဆရာကြီး၊ သတင်းစာဆရာကြီး၊ ပြဇာတ်ရေးဆရာကြီး မောင်တွမ့်၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့်အတွက် ယခုကျင်းပသည့် သတင်းအချက်အလက်ဆိုင်ရာ ဆွေးနွေးပွဲနှင့် အင်မတန်လိုက်ဖက်ညီလှသည်ဟု ခံစားမိပါကြောင်း၊ ဆွေးနွေးပွဲကို "ဒစ်ဂျစ်တယ်ဂေဟာဗေဒအသစ် တည်ဆောက်ခြင်း၊ ပင်လယ်ပြာပူးပေါင်းဆောင်ရွက်မှု အသစ်တစ်ခုဖန်တီးခြင်း" ဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပသည့်အတွက် ခေတ်သစ်ဒစ်ဂျစ်တယ်ဂေဟာဗေဒတစ်ခု တည်ဆောက်နိုင်ရန် စိတ်ကူးသစ်များ၊ သုံးသပ်ချက်များ၊ ပူးပေါင်းဆောင်ရွက်မှုအသစ်များ၊ ချဉ်းကပ်မှုအသစ်များနှင့် အကြံကောင်းဉာဏ်ကောင်းများ ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဒစ်ဂျစ်တယ်ဂေဟာဗေဒသစ်ဆိုသည်မှာ ဒစ်ဂျစ်တယ် နည်းပညာများ၊ ပလက်ဖောင်းများနှင့် အပြန်အလှန်အကျိုးပြုမှုများကြားတွင် လိုက်လျောညီထွေဖွဲ့စည်းထားသည့် ဂေဟစနစ်တစ်ခုပင် ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် များပြားလှသည့် ဒစ်ဂျစ်တယ်အစိတ်အပိုင်းများ၊ နည်းပညာများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများသည် မိမိတို့၏ဘဝများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုအသိုက်အဝန်းကြီးတစ်ခုလုံးကို မည်သို့မည်ပုံ အကျိုးသက်ရောက်နေသည်၊ မည်မျှအထိ အကျိုးသက်ရောက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ကြရပြီဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်ဂေဟာဗေဒသစ်တွင် ကျယ်ပြန့်ပြီး မတူကွဲပြားသည့် ဒစ်ဂျစ်တယ်နည်းပညာများပါဝင်နေပြီး ဥပမာအားဖြင့် ဉာဏ်ရည်တုနည်းပညာများ၊ The Internet of things (IOT)များ၊ ဘလောက်ချိန်း (Block chain) များ၊ ဘစ်ဒေတာ (Big Data) များ၊ Cloud Computing များ ပါဝင်ကြကာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍ အပြန်အလှန် အကျိုးပြုနေကြခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှာ ပင်လယ်ပြာ ပူးပေါင်းဆောင်ရွက်မှု အသစ်တစ်ခုဖန်တီးခြင်း (Create a New Blue Ocean of Cooperation) ဆိုသည်ကို ဦးတည်ဆွေးနွေးမည်ဟု ယုံကြည်ပါကြောင်း၊ ပင်လယ်ပြာ ပူးပေါင်းဆောင်ရွက်မှု၏ ဆုံရပ်(သို့မဟုတ်) စုစည်းရာပလက်ဖောင်းတစ်ခုအနေဖြင့် China-ASEAN Information Harbor ဆိုသည့်ကွန်ရက်တစ်ခုကို အကျိုးရှိစွာ အသုံးပြုကြရမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် သတင်းအချက်အလက်ဆိုင်ရာ ဗဟိုချက်သည် တရုတ်-အာဆီယံ အသိုက်အဝန်းတစ်ခုကို ပိုမိုနီးကပ်စွာ တည်ဆောက်ရာတွင် လွန်စွာအရေးကြီးသည့်အတွက် မိမိတို့မြန်မာနိုင်ငံက တက်ကြွစွာပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ဒစ်ဂျစ်တယ်ချိတ်ဆက်မှုမှတစ်ဆင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ e-Government တည်ဆောက်ရေး၊ ဒစ်ဂျစ်တယ်အသုံးပြု ပြည်သူ့ရေးရာဝန်ဆောင်မှုများ ကျယ်ပြန့်စွာဖြစ်ထွန်းရေး၊ နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက်စီးဆင်းရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်း ချိတ်ဆက်မှုမြှင့်တင်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အထောက်အကူပြုရေး စသည့်နယ်ပယ်အသီးသီးတွင် မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှတစ်ဆင့် တရုတ်-အာဆီယံနိုင်ငံများအကြား ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာ ဖလှယ်မှုများ မြှင့်တင်နိုင်ပါစေ၊ ပြည်သူအချင်းချင်းကူးလူးဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဒုတိယဝန်ကြီးများ၊ ပညာရှင်များက ဒစ်ဂျစ်တယ်နည်းပညာများ မျှဝေရေးနှင့် အနာဂတ်တွင် ဒစ်ဂျစ်တယ်နည်းပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ပါဝင်ဆွေးနွေးကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှူမွန်က သတင်းတု သတင်းမှားများ တိုက်ဖျက်ရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စများကို ပါဝင်ဆွေးနွေးပြောကြားသည်။

### ပလက်ဖောင်းငါးခုတည်ဆောက်

တရုတ်-အာဆီယံ သတင်းအချက်အလက်ဗဟိုချက်သည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများကို ချိတ်ဆက်ပေးသည့် ဒစ်ဂျစ်တယ် ပိုးလမ်းမစီမံကိန်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တရုတ်-အာဆီယံ သတင်းအချက်အလက်ဗဟိုချက်သည် အင်တာနက်ချိတ်ဆက်မှုနှင့် သတင်းအချက်အလက်ဖလှယ်မှုများမှတစ်ဆင့် တရုတ် - အာဆီယံနိုင်ငံများအကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးရန်ဖြစ်သည်။ အထူးသဖြင့် အခြေခံအဆောက်အအုံ တည်ဆောက်မှု၊ သတင်းအချက်အလက်မျှဝေမှု၊ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ဆောင်မှု၊ ယဉ်ကျေးမှုဖလှယ်မှုများ ပါဝင်သည့် ပလက်ဖောင်းငါးခုကို တည်ဆောက်ပြီး "One Base, One Center, One Pillar and Two Clusters" ၏ ဖွံ့ဖြိုးတိုးတက်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အဆင့်မြင့်နည်းပညာများပြသ

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ညနေပိုင်းတွင် ဝူကျန်းမြို့ WIC Convention Center အနီးတွင် ခင်းကျင်းပြသသည့် The Light of Internet Expo ပြပွဲသို့ သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။ ယင်းပြပွဲသည် ကမ္ဘာလုံးဆိုင်ရာ အင်တာနက်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများနှင့် အဆင့်မြင့်နည်းပညာများကို အဓိကပြသထားသည့်ပြပွဲဖြစ်ပြီး ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများ ရရှိလာစေရန် အရေးကြီးသည့် ပလက်ဖောင်းတစ်ခုအဖြစ် ဖန်တီးရန် ရည်ရွယ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# "Opportunities and Challenges for Russia's Turn East Policy in Southeast Asia" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့က ကြီးမှူး၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားသိပ္ပံအကယ်ဒမီ၊ တရုတ်နှင့် ခေတ်ပြိုင်အာရှရေးရာအင်စတီကျူနှင့် ပူးပေါင်းလျက် "Opportunities and Challenges for Russia's Turn East Policy in Southeast Asia" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့၏ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ဓာတ်ပုံ)**



အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ဝါရင့်သုတေသီများနှင့် သုတေသီလက်ထောက်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် တရုတ်နှင့် ခေတ်ပြိုင်အာရှရေးရာအင်စတီကျူမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်၍ အင်ဒိုချိုင်းနားကျွန်းဆွယ်ရှိ လက်နက်ကိုင် တပ်ဖွဲ့များ၏ အုပ်ချုပ်မှုပုံစံများ၊ အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများနှင့် အရှေ့တောင်အာရှဒေသများနှင့် ရုရှားနိုင်ငံတို့၏ စီးပွားရေးဆိုင်ရာပေါင်းစပ်မှုနည်းလမ်းများ၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံဆက်ဆံရေးအပေါ် ပညာရပ်ဆိုင်ရာအမြင်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။ **သတင်းစဉ်**

# မြန်မာ့နိုင်ငံရေးပါတီများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

**မောင်ရွှေရိုး**

နိုင်ငံရေးပါတီများသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံရေးအဖွဲ့အစည်းများ ဖြစ်သည်။ နိုင်ငံရေးပါတီများတွင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီဟူ၍ရှိပါသည်။ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်၊ ပါတီဝင်အင်အားဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်း၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများ၊ ပါတီဌာနချုပ်နှင့် ပါတီရုံးခန်းများစသည်ဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ဆောက်ကြရပါသည်။ တစ်နည်းအားဖြင့် နိုင်ငံရေးပါတီဆိုသည်မှာ ပြည်သူလူထုအတွင်း စည်းရုံးဆောင်ရွက်ပြီး ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များအား ပြည်သူလူထု၏ထောက်ခံမဲဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခွင့်ရမည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။

**ပါလီမန်ဒီမိုကရေစီခေတ်နိုင်ငံရေးပါတီများ**

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နိုးကြားလာရာမှ နိုင်ငံရေးပါတီများ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ပေါ်ပေါက်ခဲ့ပြီး ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှတစ်ဆင့် နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ခဲ့ရာ "နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ" က ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြားပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများအခြေအနေ၊ တောခိုလက်နက်ကိုင်သောင်းကျန်းမှုအခြေအနေများကြောင့် ၁၉၅၁–၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလအနိုင်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ဖဆပလနှင့် ပမညတ အတိုက်အခံ ညွန့်ပေါင်းအင်အားစုတို့ အဓိကအားပြိုင်ခဲ့ရာ ဖဆပလသည် အမတ်နေရာအများစုဖြင့် အနိုင်ရခဲ့ပြန်သည်။ လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ဖဆပလအစိုးရအတွင်း ပုဂ္ဂိုလ်ရေးနှင့် အာဏာရရေးအခြေခံသည့် သန့်ရှင်းနှင့်တည်မြဲတို့ နိုင်ငံရေးအုပ်စုကွဲဂယက်နှင့် အစိုးရယန္တရားပျက်ယွင်းတော့မည့် အခြေအနေတို့ကြောင့် တပ်မတော်က အိမ်စောင့်အစိုးရဖွဲ့ကာ နိုင်ငံ့တာဝန်ယူခဲ့ရပြီးနောက် ပြန်လည်ကျင်းပပေးခဲ့သည့် ၁၉၆၀ ပြည့်နှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအနိုင်ရရှိခဲ့သည်။ သန့်ရှင်းဖဆပလတို့က ပြည်ထောင်စုပါတီအမည်ပြောင်း၍ အစိုးရအာဏာရယူပြီး မကြာမီမှာပင် နိုင်ငံရေးအာဏာလုပွဲအကွဲအပြဲဖြစ်ရပ်များ၊ ဖက်ဒရယ်ပြဿနာနှင့် ပြည်ထောင်စုမှခွဲထွက်ရေး ကြိုးပမ်းလာမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က တော်လှန်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလတွင် လွတ်လပ်ရေးနှင့်အတူ ပါလာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ တရုတ်ဖြူ ပြည်ပကျူးကျော်မှု၊ နိုင်ငံရေးအုပ်စုကွဲ၊ ဂိုဏ်းကွဲများနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှု၊ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲမှုနှင့် ပြည်ထောင်စုမှခွဲထွက်ရေး ကြိုးပမ်းမှုအနိဋ္ဌာရုံတို့ဖြင့် ဖြတ်သန်းခဲ့ရပြီးနောက် ၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီပထမခေတ် တစ်ခန်းရပ်ခဲ့ရလေသည်။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ**

၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် ဖွဲ့စည်းခဲ့သည်။ ၁၉၇၁ ခုနှစ် ပါတီညီလာခံတွင် ပြည်သူ့ပါတီအဖြစ် ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စီးပွားရေးမူဝါဒများ ယိုယွင်းလာမှုကို အကြောင်းပြု၍ ၁၉၈၈ ခုနှစ်တွင် အရေးအခင်းများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီခေတ်မှသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တစ်ပါတီဆိုရှယ်လစ်စနစ်ဖြင့် ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ် ကြာမြင့်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကြိုးစားတည်ဆောက်ရင်း ကွန်မြူနစ်တို့၏ အန္တရာယ်များကို တွန်းလှန်ဖယ်ရှားခဲ့ရသည်။ အလံနီကွန်မြူနစ်၊ အလံဖြူ(ဗကပ) ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်(ရဲဘော်ဖြူ)နှင့် ယင်းတို့၏ပါတီကွဲ၊ အုပ်စုကွဲ၊ ပုဂ္ဂိုလ်ကွဲများ မြေပေါ်ဆိုရှယ်နီ(ပမညတ)များက ဝိုင်းဝန်းဆန့်ကျင်တိုက်ခိုက်ကြသည်။ ဗကပ UG များအပြင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်တွင်း၊ ပြည်ပ၊ လက်ဝဲ၊ လက်ယာ၊ မြေပေါ်မြေအောက် အနှောင့်အယှက်များကြောင့် လိုရာသို့ မရောက်ဘဲ နိုင်ငံ၏စီးပွားရေး အားနည်းခဲ့ရသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ နိုင်ငံတော်၏ အဘက်ဘက်မှ ပျက်စီးယိုယွင်းနေသောအခြေအနေ၊ တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေ၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်လာမှုကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့် အခြေအနေတို့ကို အချိန်မီထိန်းသိမ်းနိုင်ရန် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပြီး တစ်ပါတီအုပ်ချုပ်ရေးစနစ် ချုပ်ငြိမ်းသွားခဲ့ရသည်။

> **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးစနစ်မှ ပြည်သူကရွေးကောက် တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်"**

**၁၉၈၈ ခုနှစ် နောက်ပိုင်းကာလ နိုင်ငံရေးပါတီများ**

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပေးရမည်ဟု ကြေညာခဲ့ပြီး ဦးဘငြေး အမှူးပြုသော ရွေးကောက်ပွဲကော်မရှင်ကို တာဝန်ပေး၍ နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုခဲ့ရာ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုသည့် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထိ အချိန် ၅ လအတွင်း နိုင်ငံရေးပါတီပေါင်း ၂၃၉ ပါတီမှတ်ပုံတင်ခဲ့ပါသည်။ ဦးသုဝေ၏ ဒီမိုကရေစီပါတီက ပထမဆုံးမှတ်ပုံတင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ သုံးအုပ်စုပူးပေါင်း၍ အောင်စုတင်) ပါတီက ဒုတိယမှတ်ပုံတင်သည်။ ဒေါက်တာစိန်ဝင်း ခေါင်းဆောင်ပြီး အမျိုးသားဒီမိုကရေစီပါတီကို ဖွဲ့စည်းမှတ်ပုံတင်သည်။ ဒီမိုကရေစီပါတီတွင် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က နာယကများဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မှတ်ပုံတင်စအချိန်က ဦးအောင်ကြီးဥက္ကဋ္ဌ၊ ဦးတင်ဦး ဒု–ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည် အထွေထွေအတွင်းရေးမှူးတို့ဖြစ်သည်။ အတွင်းရေးမှူး အဖွဲ့ဝင် ၃ ဦးမှာ ဗိုလ်မှူးကြီးဟောင်း ကြည်ဟန်၊ ဒုတိယဗိုလ်မှူးကြီးဟောင်း ချစ်နိုင်၊ ဟံသာဝတီ ဦးဝင်းတင်တို့ ဖြစ်သည်။ ဒေါ်မြင့်မြင့်ခင် စည်းရုံးရေးမှူး၊ ဦးလွင် ဘဏ္ဍာရေးမှူး၊ ဦးအောင်လွင် ပြန်ကြားရေးမှူး၊ ဗိုလ်မှူးချုပ်ဟောင်း အောင်ရွှေ စည်းရုံးရေးဌာနမှူး၊ ဦးကြည်မောင် သုတေသနဌာနမှူး၊ ဦးဘရွှေ အုပ်ချုပ်ရေးဌာနမှူးတို့ဖြစ်သည်။ မှတ်ပုံတင်ပေးပြီးသည့် ပါတီများထဲတွင် အချို့ပါတီများမှာ တောတွင်းကွန်မြူနစ်ပါတီ ဗကပ၏ ဒီမိုကရေစီအရေခြုံဖွဲ့စည်းခိုင်းထားသောပါတီများဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည့် ပြည်သူ့တိုးတက်ရေးပါတီ(ရန်ကုန်)၊ အမြဲစိမ်းလူငယ်များပါတီ(မုံရွာ)၊ မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မန္တလေး)တို့အား မှတ်ပုံတင်ခွင့် ဖျက်သိမ်းခဲ့သည်။ ဒေါက်တာစိန်ဝင်းနှင့် NLD ပါတီအမတ် အများအပြားတောခို၍ နယ်စပ်တွင် NCGUB ယှဉ်ပြိုင် အစိုးရဖွဲ့စည်းသဖြင့် NLD ပါတီမှ ထိုသူများအား ထုတ်ပယ်ပြီးဖြစ်ကြောင်း ကော်မရှင်သို့ စာဖြင့်တင်ပြခဲ့သည်။ အောင်စုတင် ခေါ် NLD သည်လည်း ဦးအောင်ကြီးအုပ်စုနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ အုပ်စုကွဲခဲ့ကြသည်။ ဦးတင်ဦးက မျိုးချစ်ရဲဘော်များ အဖွဲ့ချုပ်ဝင် တပ်မတော်အရာရှိဟောင်းနှင့် တစ်အုပ်စု၊ ဦးအောင်ကြီးက ဦးကြည်မောင် အပါအဝင် ဗိုလ်မှူးကြီးဟောင်းများစသည့် ၁၃ ဦးနှင့် တစ်အုပ်စု၊ ဒေါ်အောင်ဆန်းစုကြည်က ရှစ်လေးလုံးကာလ သူ့ကိုဝန်းရံသော လက်ဝဲမျိုးစုံ ဦးကိုယု၊ ရဲဘော်ချမ်းအေး၊ ဟံသာဝတီ ဦးဝင်းတင်၊ ရှေ့နေ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင်၊ မောင်သော်က၊ ဦးထွန်းတင်တို့ဖြစ်သည်။ ဦးအောင်ကြီးက ဒေါ်အောင်ဆန်းစုကြည်ကို ကွန်မြူနစ်များ ဖယ်ရှားရန် တိုက်တွန်းသည်။ ဦးအောင်ကြီးသည် တိုက်တွန်းချက်မအောင်မြင်ဘဲ NLD ပါတီမှ ထွက်ခဲ့ရပြီး ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီပါတီကို ထူထောင်သည်။ ထိုစဉ်က ထူထောင်ခဲ့သည့် ၂၃၉ ပါတီထဲမှ စည်းကမ်းနှင့်မညီညွတ်သဖြင့် မှတ်ပုံတင်ခွင့် ငြင်းပယ်ခဲ့သည့်ပါတီ ၄ ပါတီ၊ ပါတီတွင်း မရပ်တည်နိုင်သည့်အခြေအနေများအရ ပါတီမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသဖြင့် ယင်းတို့၏ဆန္ဒအရ ဖျက်သိမ်းခဲ့ရသည့် ပါတီ ၁၀၂ ပါတီရှိခဲ့သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရနိုင်ငံတော်အား လက်နက်စွဲကိုင်တိုက်ခိုက်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ၏ မြေပေါ်မြေအောက် အဖွဲ့အစည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်ပါတီ ၃ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ ရွေးကောက်ပွဲတွင် အနည်းဆုံးမဲဆန္ဒနယ် ၃ နယ်မှာပင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့် ပါတီ ၃၇ ပါတီကိုလည်း ပယ်ဖျက်ခဲ့ရသည်။ ရွေးကောက်ပွဲမကျင်းပမီမှာပင် ပါတီ ၁၄၂ ပါတီကို ဖျက်သိမ်းခဲ့ရပြီး ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ပါတီဖျက်သိမ်းပေးရန် ဆန္ဒအလျောက်တင်ပြလာသည့် ပါတီ ၁၅ ပါတီ၊ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ပါတီ ၅ ပါတီ၊ ပါတီလှုပ်ရှားမှုနှင့် အလုပ်အမှုဆောင်အဖွဲ့မရှိတော့သည့် ပါတီ ၇ ပါတီ၊ နိုင်ငံရေးပါတီ အင်္ဂါရပ်နှင့် မညီညွတ်တော့သည့် ပါတီ ၅၆ ပါတီတို့ကိုလည်း ကော်မရှင်က ဥပဒေနှင့်အညီ ဖျက်သိမ်းခဲ့ရသဖြင့် မူလကမှတ်ပုံတင်ခဲ့သည့် ပါတီပေါင်း ၂၃၅ ပါတီတွင် တရားဝင်ရပ်တည်နိုင်သည့် ပါတီ ၁၀ ပါတီသာကျန်ရှိပြီး ယင်းတို့အနက် ၅ ပါတီသာ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခဲ့သည်။ ထိုအချိန်က ပါတီမှတ်ပုံတင်ကြေး ၅၀၀ ကျပ် ပေးသွင်းကာ ပါတီအမည်၊ အမှုဆောင်အဖွဲ့တစ်ဖွဲ့ရှိလျှင် လွယ်လွယ်မှတ်ပုံတင်နိုင်သည်ဟု ပြောစမှတ်ပြုခဲ့သည်။ ပါတီမူဝါဒ၊ လမ်းစဉ်၊ အင်အား လောက်လောက်လားလား ပီပီပြင်ပြင်မရှိဘဲ လူဆယ်ယောက် ငွေငါးရာရှိလျှင် ပါတီတစ်ခုဖွဲ့နိုင်သလို ဖြစ်ခဲ့သည်။

**၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ**

၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၉၃ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရပါတီအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရတာဝန်လွှဲအပ်နိုင်ရေးအတွက် လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် အမတ်နေရာအများဆုံးရရှိခဲ့သည့် NLD ပါတီနှင့် ယင်းပါတီအမတ်များက အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာသွားခဲ့သဖြင့် ပါတီစုံခေတ် ပြန်လည်ရှင်သန်စေမည့် လမ်းကြောင်းဖြစ်သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၂ ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ ၇ ချက်ကို ချမှတ်၍ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သည်။ အမျိုးသားညီလာခံမှ ပေါ်ထွက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) မူကြမ်းကို ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျင်းပသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံဆန္ဒမဲ ၉၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အတည်ပြုနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးစနစ်မှ ပြည်သူကရွေးကောက်တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရန်အတွက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးနှင့် အေးချမ်းသာယာရေးလုပ်ငန်းများကို ပြီးပြည့်စုံအောင်ဆောင်ရွက်ပြီး ပြည်သူတို့ လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယခေတ်ကာလကို ပြန်လည်လမ်းခင်းပေး၍ အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းပေးခဲ့ပါသည်။

**ပါတီစုံဒီမိုကရေစီခေတ် နိုင်ငံရေးပါတီများ**

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၆ ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၅ နေရာတွင် ၂၅၉ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ နေရာတွင် ၁၂၉ နေရာ အနိုင်ရရှိခဲ့ပြီး လွှတ်တော် ၂ ရပ်ပေါင်း ၄၉၃ နေရာအနက် ၃၈၈ နေရာရရှိခဲ့သည်။ ပထမအကြိမ် လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဦးဆောင်ကာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံရေးပါတီအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခဲ့ပြီး ဇွန်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိကာ ပါတီဥက္ကဋ္ဌ ဦးသိန်းစိန်နှင့် ပါတီဗဟိုအလုပ်အမှုဆောင် ၂၇ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအစိုးရသည် တပ်မတော်အစိုးရက လမ်းခင်းပေးခဲ့သော ပါတီစုံဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများကို ဖော်ဆောင်ရင်း လူ့အခွင့်အရေး၊ တန်းတူညီမျှရေး၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအခွင့်အရေး၊ ဖက်ဒရယ်အရေး၊ လူသားချင်းစာနာထောက်ထားရေး စသည်တို့ကို အကြောင်းပြု၍ နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံနှင့် အနောက်အုပ်စုများ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်ဆောင်ရွက်ခဲ့ပြီး အကြံပြုချက်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးအစီအစဉ်များဖြင့် အသွင်ကူးပြောင်းရေးဆွေးနွေးကြရင်းနှင့်အချိန်ကုန်ဆုံးခဲ့ရပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်များ လျော့နည်းကာ မိတ္ထီလာကိစ္စ၊ ရခိုင်အရေးအခင်း၊ လက်ပံတောင်းတောင်ဆန္ဒပြပွဲများ စသည့် လူမျိုးရေး၊ ဘာသာရေး၊ ဒေသတွင်းပဋိပက္ခများ စတင်ဖြစ်ပွားလာခဲ့ရသည်။ မြစ်ဆုံစီမံကိန်းလည်း ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိဘဲ ရပ်နားခဲ့ရသည်။ အစိုးရအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲရေးသမား၊ မူဟောင်းထိန်းသမား၊ ကြားနေသူများဟု အုပ်စု ၃ စုကွဲခဲ့ကြောင်း ဝန်ကြီး ဦးအောင်မင်းမှ ပြုပြင်ပြောင်းလဲရေးသမား ၁၀ ရာခိုင်နှုန်း၊ မူဟောင်းထိန်းသမား ၄၅ ရာခိုင်နှုန်း၊ ကြားနေသူ ၄၅ ရာခိုင်နှုန်း ပါဝင်ကြောင်း သံတမန်များအား ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာအီးဂရက်စ်ကဲ့သို့သော အဖွဲ့အစည်းများကို အကြံပေးအဖြစ် လက်ခံခဲ့ပြီးနောက် အစိုးရအဖွဲ့အတွင်း အပျော့ဂိုဏ်းနှင့် အမာဂိုဏ်း ပြဿနာဖြစ်ခဲ့ရသည်။

ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့အား ပိုင်းခြားကျင့်သုံးဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးအဖွဲ့အစိုးရနှင့် ဥပဒေပြုလွှတ်တော်များကြား သဘောထားကွဲလွဲကာ ပါတီထိပ်ပိုင်းခေါင်းဆောင်များအကြား အုပ်စုဖွဲ့အားပြိုင်မှုများဖြစ်ပွားခဲ့သည်။ နိုင်ငံတော်သမ္မတက ကန့်ကွက်နေသည့်ကြားမှ ဥပဒေပြုလွှတ်တော်များမှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ထုတ်ပေးရန် ဆုံးဖြတ်ဆောင်ရွက်ခြင်း၊ လွှတ်တော်အမတ်များ၏လစာကို တစ်ဆယ်သိန်းကျပ်အထိ တိုးမြှင့်ပြီး နေ့စဉ်ထောက်ပံ့ကြေး တစ်သောင်းကျပ်ရရှိရန် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်သမ္မတက သဘောမတူသဖြင့် လက်မှတ်ရေးထိုးခြင်းမရှိသော ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုအကျိုး၊ နိုင်ငံတော်၏အကျိုးစီးပွားမပါဝင်သည့် ပြည်ထောင်စုအဆင့်အငြင်းပွားခြင်းကိစ္စများ၊ ဆောင်းပါးရှင် ဒေါက်တာဆိတ်ဖွားရှာပုံတော်ကိစ္စရပ်များ ဖြစ်ပွားခဲ့ရသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမတ်များသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရ၏ မူဝါဒများကိုဝေဖန်ရာတွင် အတိုက်အခံပါတီမှ အမတ်များထက်ပင် ပိုမိုအသံကျယ်လောင်ခဲ့ကြကြောင်း ပြောဆိုမှုများရှိခဲ့သည်။ ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်း ပါတီဥက္ကဋ္ဌရာထူးနေရာ ရယူလိုမှုကိစ္စများဖြင့် အုပ်စုဖွဲ့အားပြိုင်ကာ ပါတီတွင်းစည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရသည်။ ပါတီအတွင်း သူရဦးရွှေမန်းနှင့် ဝန်ကြီးအဟောင်းများပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝန်ကြီးအချို့နှင့် ဗဟိုကော်မတီဝင်များ၊ ကြားနေအရပ်သား ဗဟိုကော်မတီဝင်များနှင့် အလုပ်အမှုဆောင်များဟု ၃ မျိုးကွဲခဲ့ကြသည်။ အထင်ရှားဆုံးမှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ဟု ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းထံပေးပို့ခဲ့သည့်စာကို သတင်းမီဒီယာများအား ပြန်လည်ဖြန့်ဝေခြင်း၊ သမ္မတ အပါအဝင် အစိုးရအဖွဲ့ဝင်အားလုံး ရွေးကောက်ခံအမတ်ဖြစ်စေရန် လွှတ်တော်အတွင်း ပြင်ဆင်ရန် ကြိုးပမ်းခြင်း စသည့်အချက်များသည် ပါတီခေါင်းဆောင်များအချင်းချင်း အကွဲအပြဲများ ဖြစ်ပွားစေခဲ့သည်။ အဆိုးဆုံးမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို လွှတ်တော်က စွပ်စွဲပြစ်တင်ခြင်းပင်ဖြစ်သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစတင်၍ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်းတို့ တံခါးပိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းကို လွှတ်တော်အတွင်းရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အတွင်း သံသယဖြစ်ခဲ့ရသည်။ ထို့အပြင် သမ္မတ၊ ဒုတိယသမ္မတနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ လစာငွေကိစ္စ၊ ပင်စင်လစာတိုးမြှင့်ခြင်းကိစ္စ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြည်ထောင်စုအဆင့် သတ်မှတ်ခြင်းကိစ္စတို့ပါဝင်သည့် နိုင်ငံတော်သမ္မတ၏လုပ်ဆောင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စုံစမ်းပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်နာယကထံ စာရေးသားပေးပို့ခဲ့သည်။ နောက်ပိုင်းတွင် အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်မှ နိုင်ငံတော်သမ္မတကို စွပ်စွဲပြစ်တင်ခြင်းများ ဆောင်ရွက်လာနိုင်သည်ဟူသော သံသယစိတ်များဖြစ်ပွားခဲ့ကြသည်။ ထိုအကွဲအပြဲ ဇာတ်လမ်းများသည် ရွေးကောက်ပွဲနီးလာသည်နှင့် ပါတီတွင်းစည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရသည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ ည ၉ နာရီအချိန်တွင် ခေတ္တဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဗဟိုအလုပ်အမှုဆောင် ၁၂ ဦးကို ဖယ်ရှားခဲ့သည့် ညတိုက်ပွဲဟူ၍ပင် ပြောစမှတ်တွင်ခဲ့ရသည်အထိဖြစ်ပွားခဲ့ရသည်။ ပါတီတွင်းစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့သဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ရှုံးနိမ့်ခဲ့ရသည်။

> **“NLD အစိုးရသည် အစိုးရတစ်ရပ်ဖြစ်သော်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများ၏ လွှမ်းမိုးမှု၊ အကြံပြုမှုများဖြင့် ဝင်ရောက်စွက်ဖက်ကာ ယင်းတို့အလိုကျ ထိန်းကျောင်းဆောင်ရွက်ခြင်းကို ခံခဲ့ရသည်။ နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ရခိုင်လူမျိုးရေးရာကိစ္စများ၊ အစိုးရအဖွဲ့နှင့် လွှတ်တော်များမှ အကောင်အထည်ဖော် ဆောင်ရွက်ရသောကိစ္စများအတွက် ဒေါ်အောင်ဆန်းစုကြည်၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ကြရသည်ဆိုသော်လည်း မလွန်ဆန်နိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အကြံပေးများ၏ ကြိုးဆွဲရာကရသည့်အဖြစ်မျိုးသို့ ရောက်ခဲ့ရသည်”**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၇၂၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၃၁၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၅ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၅ ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး NLD ပါတီက အစိုးရဖွဲ့ကာ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် အာဏာရရှိခဲ့သည်။

NLD ပါတီသည် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ရန် ပါတီအတွင်း သဘောထားကွဲလွဲမှုများဖြစ်ခဲ့သည်။ ရွှေဂုံတိုင်ကြေညာစာတမ်းကို ဆုပ်ကိုင်ထားသည့် ဦးဝင်းတင် ခေါင်းဆောင်သောအဖွဲ့၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်အတွင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်လိုသည့် ဦးခင်မောင်ဆွေနှင့် ဒေါက်တာသန်းငြိမ်းတို့ ဦးဆောင်သည့်အဖွဲ့၊ ဦးအောင်ရွှေခေါင်းဆောင်သော ကြားနေအဖွဲ့ စသည်ဖြင့် သဘောထားကွဲလွဲခဲ့ကြသည်။ ဦးတင်ဦးက ရွေးကောက်ပွဲဝင်ရောက်ရန် ကန့်ကွက်ခဲ့သည်။ နောက်ဆုံးတွင် ဒေါ်အောင်ဆန်းစုကြည်၏ သဘောဆန္ဒအရ ရွေးကောက်ပွဲမဝင်ရောက်ရန် ဆုံးဖြတ်ခဲ့သဖြင့် NLD ပါတီသည် ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပျက်ပြယ်ခဲ့ပြီးဖြစ်သည်။ ဦးခင်မောင်ဆွေနှင့် ဒေါက်တာ သန်းငြိမ်းတို့ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီအမည်ဖြင့် ရွေးကောက်ပွဲဝင်ရောက်ရန် မှတ်ပုံတင်ခဲ့သဖြင့် NLD ပါတီမှ ယင်းတို့အပါအဝင် ဗဟိုကော်မတီဝင် ၁၃ ဦးကို ပါတီမှထုတ်ပယ်ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် သမ္မတဦးသိန်းစိန်က ဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်းနှင့် မြန်မာအီးဂရက်စ်အဖွဲ့တို့တွေ့ဆုံပြီး NLD ပါတီအား နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပြန်လည်ပါဝင်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဝန်ကြီး ဦးအောင်ကြည်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရန် တာဝန်ပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ညှိနှိုင်းရရှိချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့နှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ရန် လွှတ်တော်သို့တင်ပြခဲ့သည်။ လွှတ်တော်များမှ ဥပဒေပြင်ဆင်ပေးခဲ့ပြီး NLD ပါတီသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ကာ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်၍ NLD ပါတီအမတ်များ လွှတ်တော်အတွင်း ရောက်ရှိလာခဲ့ကြသည်။ NLD ပါတီသည် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့အပါအဝင် ပါတီကို ထောက်ခံဝန်းရံသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ၊ ပါတီအတွင်း၊ ပါတီပြင်ပ စည်းရုံးဆောင်ရွက်မှုများကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး အစိုးရဖွဲ့စည်းနိုင်ခဲ့သည်။

NLD ပါတီအစိုးရသက်တမ်းတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြွေးကြော်၍ ဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုမရရှိဘဲ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေနိုင်သည့် ရခိုင်ပြည်နယ်အတွင်း လူမျိုးရေးပြဿနာများ ဖြစ်ပွားခဲ့ရသည်။ NLD ပါတီ၏ အစိုးရသက်တမ်း ၅ နှစ်တွင် အစိုးရအဖွဲ့နှင့် လွှတ်တော်များအတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၏ အကြံပေးများ ဝင်ရောက်စွက်ဖက်ဆောင်ရွက်ခဲ့ကြသည်။ ဂျော့ဆိုးရော့စ်နှင့် ပတ်သက်ခဲ့သူ မြန်မာနိုင်ငံအမျိုးသားလုံခြုံရေးအကြံပေးတာဝန်ပေးထားသော ဦးသောင်းထွန်းကို အစိုးရအဖွဲ့ရုံးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းကိစ္စ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ကိုဖီအာနန်ခေါင်းဆောင်၍ နိုင်ငံခြားသား ၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယင်းကော်မရှင်၏ အကြံပြုချက်များဖြင့် ဆောင်ရွက်ခြင်းကိစ္စတို့တွင် လွှတ်တော်အတွင်း ကန့်ကွက်မှုများ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဗြိတိသျှသံရုံးမှ ဂျိုးဖစ်ရှာကို အနီးကပ်ခေါ်ယူထားခြင်း၊ မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံမှ ICJ တွင် တရားစွဲဆိုခြင်းတို့မှာ OIC နှင့်ပတ်သက်ခဲ့ပြီး နိုင်ငံ၏အချုပ်အခြာအာဏာကို ထိခိုက်စေခဲ့သည်ဟု ဝေဖန်ပြောဆိုမှုများ ပြင်းထန်ခဲ့သည်။ ဝန်ကြီးဌာနများတွင် နိုင်ငံတကာအကြံပေးများအဖြစ် နိုင်ငံရေးအကြံပေး ဂျိုးဖစ်ရှာ၊ ရခိုင်အရေးကိစ္စ ကိုဖီအာနန်၊ စီးပွားရေး အကြံပေး ရှောင်တနယ်တို့အပါအဝင် နိုင်ငံခြားသား ၉၀ ကျော်ကို ခန့်အပ်ခဲ့ပြီး နိုင်ငံခြားသားငှားရမ်းခ တစ်နှစ်လျှင် ကျပ်နှစ်ဆယ့်ငါးဘီလီယံခန့် သုံးစွဲခြင်းကိစ္စများအတွက် လွှတ်တော်အတွင်းမေးမြန်း ပြစ်တင်ခံခဲ့ရသည်။ နိုင်ငံတော်၏ ကြွေးမြီများအနေဖြင့် သမ္မတဦးသိန်းစိန် အစိုးရအပါအဝင် ယခင်အစိုးရများ လက်ထက် ၇၃ နှစ်တာကာလအတွင်း စုစုပေါင်း ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၉၀၈၆ ဒသမ ၇၉၆ သန်း ဖြစ်ခဲ့သော်လည်း NLD အစိုးရသက်တမ်း ၃ နှစ်တာ ကာလအတွင်း ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသည့် ပြည်ပချေးငွေများမှာ ၁၀၀၀၀ ဒသမ ၂ သန်းအထိ ရှိခဲ့သည်။ နိုင်ငံခြားချေးငွေများ မြောက်မြားစွာရယူသုံးစွဲခဲ့ရသည်။ NLD အစိုးရသည် အစိုးရတစ်ရပ်ဖြစ်သော်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပြည်ပနိုင်ငံများ၏ လွှမ်းမိုးမှု၊ အကြံပြုမှုများဖြင့် ဝင်ရောက်စွက်ဖက်ကာ ယင်းတို့အလိုကျ ထိန်းကျောင်းဆောင်ရွက်ခြင်းကို ခံခဲ့ရသည်။ နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ရခိုင်လူမျိုးရေးရာကိစ္စများ၊ အစိုးရအဖွဲ့နှင့် လွှတ်တော်များမှ အကောင်အထည်ဖော်ဆောင်ရွက်ရသောကိစ္စများအတွက် ဒေါ်အောင်ဆန်းစုကြည်၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ကြရသည်ဆိုသော်လည်း မလွန်ဆန်နိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အကြံပေးများ၏ ကြိုးဆွဲရာကရသည့်အဖြစ်မျိုးသို့ ရောက်ခဲ့ရသည်။ *စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတော်ကို သမ္မတအုပ်ချုပ်မှာမဟုတ်။ သူအုပ်ချုပ်မှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစိုးရအဖွဲ့တာဝန်လွှဲပြီးသည်နှင့် သမ္မတနှင့် ဒုတိယသမ္မတများကို ရုံးဖွဲ့စည်းမှုအကြောင်းပြ၍ သူ၏အမိန့်ဖြင့် ရုံးတက်ရောက်ခွင့် ပိတ်ပင်ခဲ့သည့်ကာလများ ရှိခဲ့သည်။ လွှတ်တော်များတွင် ဆွေးနွေးမည့်အစီအစဉ်များကို သူ့ထံ တင်ပြခွင့်ပြုချက်ရရှိမှ ဆောင်ရွက်ရခြင်းများလည်းရှိခဲ့သည်။ လွှတ်တော်အတွင်း မေးခွန်းနှင့် အဆိုများအတွက် ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ဆွေးနွေးခြင်းတို့တွင် သူနှင့်ပါတီ၏ညွှန်ကြားချက်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ရသည်။ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များကို ပါတီမှ ထုတ်ပယ်သည်အထိ အရေးယူခဲ့သည့် သာဓကများရှိခဲ့သည်။

မြန်မာ့နိုင်ငံရေးပါတီများ၏ သမိုင်းစဉ်တစ်လျှောက် ပါတီတွင်းစည်းလုံးညီညွတ်မှု အားနည်းခဲ့ကြသလို ပါတီခေါင်းဆောင်များအချင်းချင်း အကွဲအပြဲများဖြစ်ခဲ့ကြရသည်ကိုလည်း တွေ့ရှိရသည်။ ထိုသို့ဖြစ်ပွားရခြင်းမှာ သဘောတရားအယူဝါဒ အကြောင်းခြင်းရာ၊ နိုင်ငံရေးအကြောင်းခြင်းရာ၊ အမျိုးသားရေး အကြောင်းခြင်းရာများကြောင့် ဖြစ်ပေါ်ရခြင်းထက် ပုဂ္ဂလိကရာထူးနေရာရယူလို၍ သော်လည်းကောင်း၊ သူ့လူကိုယ့်လူ ဆရာတပည့် မွေး၍ တိုက်ခိုက်ကြခြင်းဖြင့်သော် လည်းကောင်း၊ မိမိပါတီကို အထင်ကြီးလွန်းခြင်း၊ သူတစ်ပါးတိုင်းတစ်ပါးကို အထင်ကြီးလွန်းခြင်းနှင့် အခြားပါတီများကို တိုက်ခိုက်ခြင်းတို့ဖြင့် ပါတီအတွင်း၊ ပါတီပြင်ပစည်းလုံးညီညွတ်မှု ကျဆင်းခဲ့ကြရသည်။ ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ရသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီအတွင်း ဒီမိုကရေစီနည်းလမ်းကျကျ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်သော်လည်း ပါတီခေါင်းဆောင်များအနေဖြင့် အာဏာရှင်ဆန်ဆန် ဆောင်ရွက်မှုနှင့် ပါတီဖွဲ့စည်းပုံစည်းမျဉ်းများကို မျက်ကွယ်ပြုမှုများလည်း ရှောင်ရှားသင့်ပါသည်။ ပြည်သူလူထုအကျိုး၊ နိုင်ငံ့ အကျိုးဆောင်ရွက်ကြရာတွင် ပါတီအကျိုးထက် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်။

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများအခြေအနေ**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီ ၈၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၃၇၉ဦး၊တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၂၆၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ သို့သော် ရွေးကောက်ပွဲတွင် အာဏာရပါတီအစိုးရ၏ ပါဝင်စွက်ဖက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းအချို့၏ ဝင်ရောက်ဆောင်ရွက်မှုများကြောင့် မဲစာရင်းကြီးမားစွာ မှားယွင်းမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို တာဝန်ယူဖြေရှင်းခြင်းမပြုဘဲ လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်အာဏာကိုရယူမည့်အခြေအနေတို့ကြောင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ စတင်ကျင်းပခဲ့သည့် ၂၀၁၀ ပြည့်နှစ်မှစ၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မတိုင်မီအချိန်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်း ၁၂၈ ပါတီရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ခဲ့ရသည့် နိုင်ငံရေးပါတီ ၃၆ ပါတီရှိ၍ နိုင်ငံရေးပါတီ ၉၂ ပါတီ ကျန်ရှိပါသည်။

နိုင်ငံရေးပါတီ ၉၂ ပါတီအနက် နိုင်ငံရေးအယူဝါဒအရ ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီများမှာ ၄၃ ပါတီ၊ တိုင်းရင်းသားမျိုးနွယ်စုများအလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီများ ၁၉ ပါတီနှင့် ဒေသအလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ ၃၀ ပါတီရှိပါသည်။ အဆိုပါ နိုင်ငံရေးပါတီအများစုသည် ၂၀၁၀ ပြည့်နှစ်မတိုင်မီက တည်ရှိခဲ့သည့် ပါတီအချို့ပါဝင်သလို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်ကာလများနှင့် ၂၀၂၀ ပြည့်နှစ်မတိုင်မီထိ တည်ထောင်ခဲ့ကြသည့် ပါတီများဖြစ်ကြပြီး သက်တမ်းကာလအားဖြင့် ဆယ်စုနှစ်ကျော် သက်တမ်းရှိသည့် ပါတီများရှိသကဲ့သို့ အနည်းဆုံးကာလအားဖြင့် သုံးနှစ်ကျော် လေးနှစ်နီးပါး ရှိကြပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မူဝါဒ၊ လမ်းစဉ်ခိုင်မာမှုမရှိသဖြင့် ပါတီထူထောင်သူများအပေါ်မူတည်၍ ရွေးကောက်ပွဲဝင်နိုင်ရုံသာ ဖွဲ့စည်းခဲ့သည့် နိုင်ငံရေးပါတီများလည်းရှိခဲ့သည်။ ပါတီရုံးခန်းများ ဖွင့်လှစ်ခြင်း၊ ပါတီရန်ပုံငွေ၊ ပါတီဝင်အင်အားများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီတစ်ရပ်နှင့် ညီညွတ်အောင် ဆောင်ရွက်နိုင်မှုများ အားနည်းသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအသစ်ပြဋ္ဌာန်းရာတွင် နိုင်ငံရေးပါတီများ အားကောင်းမောင်းသန်ဖြင့် တောင့်တင်းခိုင်မာပြီး နိုင်ငံတော်ကို ဦးဆောင်နိုင်မည့်ပါတီများ ပေါ်ထွက်လာစေရန် ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ ပါတီရုံးခန်းများ စသည်ဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

> **“နိုင်ငံရေးပါတီများအနေဖြင့် ပါတီအတွင်း ဒီမိုကရေစီနည်းလမ်းကျကျ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်သော်လည်း ပါတီခေါင်းဆောင်များအနေဖြင့် အာဏာရှင်ဆန်ဆန်ဆောင်ရွက်မှုနှင့် ပါတီဖွဲ့စည်းပုံစည်းမျဉ်းများကို မျက်ကွယ်ပြုမှုများလည်း ရှောင်ရှားသင့်ပါသည်။ ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုးဆောင်ရွက်ကြရာတွင် ပါတီအကျိုးထက် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်”**

နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေမှာ ပြည်ထောင်စုတစ်ဝန်း စည်းရုံးမည့်ပါတီ ၇၀ ကျော်အနက် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ၂၂ ပါတီသာ ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။ ကိုယ်စားလှယ်နေရာ ၅၀ နေရာနှင့်အထက် ဝင်ရောက်ယှဉ်ပြိုင်သောပါတီ ၁၃ ပါတီခန့်သာရှိပြီး အများစုမှာ ကိုယ်စားလှယ်နေရာ ၅၀ အောက်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀ ရာခိုင်နှုန်းကျော်သော ပါတီများသည် အနည်းဆုံး ဝင်ရောက်ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်ဦးရေဖြစ်သည့် ၃ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း တွေ့ရှိရပါသည်။ ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေကို လေ့လာပါက လွှတ်တော်ကိုယ်စားလှယ် နေရာအနည်းဆုံး ၁ နေရာရရှိသည့် ပါတီများအပါအဝင်အရေအတွက်မှာ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၉၀ ခန့် အနက် ၂၀ ပါတီ ဝန်းကျင်သာရှိသည်ကို တွေ့ရှိရသည်။ နိုင်ငံရေးပါတီအများစုသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုနှင့် အနိုင်ရရှိမှုနည်းပါးသည်ကိုတွေ့ရပြီး ခိုင်မာအားကောင်းသည့်ပါတီများ ဖြစ်လာရေး နိုင်ငံရေးယုံကြည်ချက်နှင့် ရည်မှန်းချက်တူသည့် ပါတီများ ပူးပေါင်းဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်ကြောင်း အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်အရ နိုင်ငံရေးပါတီများ ၂၃၉ ပါတီအထိ ဖွဲ့စည်းခဲ့သည့် ကာလတစ်ခုရှိခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ နိုင်ငံရေးပါတီများ များပြားခဲ့သော်လည်း ရွေးကောက်ပွဲများတွင် အနိုင်ရသဖြင့် အစိုးရဖွဲ့နိုင်သည့် ပါတီများမှာ ဖဆပလ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ဖြစ်သည်။ ပါတီများ များပြားသလောက် ပါတီဝင်အင်အား စုစည်းနိုင်သည့်ပါတီများ နည်းပါးပြီး ပါတီအလိုက် ပြည်သူကို ကိုယ်စားပြုနိုင်မှု အားနည်းသည်ကို တွေ့ရှိရသည်။

**စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ပေါ်ထွက်လာရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအချိန်အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေသစ်အရ ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ **၆၄ ပါတီ**ရှိပြီး ယင်းတို့အနက် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ **၇ ပါတီ** နှင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ **၃၂ ပါတီ** စုစုပေါင်း **၃၉ ပါတီ**ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ကျန်ပါတီများကိုလည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီအပေါ် လေ့လာချက်များအရ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော နိုင်ငံရေးပါတီများ တည်ရှိဖို့ လိုအပ်ကြောင်း အထင်အရှားတွေ့ရပေသည်။ အသစ်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများသည်လည်း ခိုင်မာအားကောင်းသည့်နိုင်ငံရေးပါတီများ ဖြစ်လာစေဖို့ ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ယင်းဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါတီငယ်များ၊ တိုင်းရင်းသား ဒေသများရှိ တိုင်းရင်းသားပါတီများအနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးထားပါသည်။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ပါတီကြီးငယ်မရွေး အားလုံးပါဝင်နိုင်ရေးသည် အရေးကြီးသည့်အတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်း တွေ့ရပေသည်။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူကိုကိုယ်စားပြုပြီး တိုင်းပြည်တာဝန်များကို ဦးဆောင်ဦးရွက်ပြုကြရမည့်သူများဖြစ်ပါသည်။ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်စေရန် တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့် ပါတီဖြစ်ပါက တစ်နိုင်ငံလုံးနှင့်လျော်ညီစွာ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများ ရှိရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန်လိုအပ်ပါသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများ ရှိရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့်မဲဆန္ဒနယ် အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မိမိကိုယ်တိုင် ခိုင်ခိုင်မာမာ ရပ်တည်ဖွဲ့စည်းနိုင်မှသာ တိုင်းပြည်အကျိုး၊ ပြည်သူများ၏အကျိုးကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရေရှည်အကျိုးကိုမျှော်ကိုးပြီး တိုင်းပြည်အတွက်၊ အများပြည်သူလူထုအတွက် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြဋ္ဌာန်းဥပဒေများနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

နိုင်ငံရေးပါတီများသည် လူမှုအကျိုးစီးပွားများကို ဖော်ဆောင်ခြင်း၊ ပါတီဝင်အသစ်များ စုစည်း၍ အနာဂတ်နိုင်ငံရေးမျိုးဆက်သစ်များ ပျိုးထောင်မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံတော်အား ဦးဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အရည်အချင်း ပြည့်ဝသူများ လုံလုံလောက်လောက်ရှိရေး ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ရခြင်းမှာ နိုင်ငံရေး ပလက်ဖောင်းတစ်ခု ရရှိရေးဆိုသည့် ကျဉ်းမြောင်းသည့် နိုင်ငံရေးလုပ်စားခွင့်အခြေအနေ ဖန်တီးမှုမျိုး မဖြစ်သင့်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး၊ အများကောင်းကျိုးတို့အတွက် ရည်မှန်းချက်ဖြင့် ဆောင်ရွက်သင့်ပါသည်။ နိုင်ငံ၏ အရေးအရာများတွင် ပါဝင်ဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသော သဘာဝဘေး၊ ကပ်ရောဂါဘေး စသည်တို့အပြင် လက်ရှိအခြေအနေအရ အကြမ်းဖက်ခြင်း၊လူသတ်ခြင်း၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေသည့် အဖွဲ့အစည်းများ၊ လုပ်ရပ်များကို မြင်ပါလျက်၊ သိပါလျက်နှင့် မသိချင်ယောင်မဆောင်ဘဲ နိုင်ငံရေးပါတီ ကောင်းတစ်ခုပီသစွာ ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ သို့မှသာ ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိပြီး ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းကာ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် ကျော်လွှားကြရမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဦးတည်ဆောင်ရွက်နေသည့်အားလျော်စွာ နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ
၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ
၃။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အကျဉ်း
၄။ မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် လက်လွှတ်ဆုံးရှုံးခဲ့ရသောအခွင့်အလမ်းများ ၂၀၁၀-၂၀၁၆
၅။ နိုင်ငံရေးနှင့် နိုင်ငံရေးပါတီ
၆။ ဒီမိုကရေစီဒုတိယအစိုးရသစ်နှင့်မြန်မာနိုင်ငံ
၇။ သူရဦးရွှေမန်းကိုလေ့လာခြင်း
၈။ မြန်မာနိုင်ငံရေးပါတီ (၂၀၂၂)
၉။ နိုင်ငံတော်၏ ပြည်ပကြွေးမြီအခြေအနေနှင့် ပဲရစ်ကလပ် ကြွေးမြီရှင်းလင်းခြင်းအတွေ့အကြုံ

# ဂါဇာတွင် တိုက်ပွဲများရပ်နားထားရန်နှင့် ဓားစာခံအချို့ပြန်လွှတ်ပေးရန် ဆွေးနွေးလျက်ရှိ



**ဂါဇာ နိုဝင်ဘာ ၉**
အစ္စရေးနှင့်ဟားမားစ်တို့ကြား တိုက်ပွဲများရပ်နားထားရန်နှင့် ဟားမားစ်တို့က ဖမ်းဆီးခေါ်ဆောင်သွားသည့် ဓားစာခံအချို့ကို ပြန်လွှတ်ပေးရေး ဆွေးနွေးမှုများလုပ်ဆောင်နေကြသည်ဟု မီဒီယာများတွင် ဖော်ပြထားသည်။

ဟားမားစ်တို့ နယ်မြေထိန်းချုပ်နိုင်မှု ဆုံးရှုံးလျက်ရှိပြီး မြောက်ပိုင်းတွင် ထိန်းချုပ်နိုင်မှု ဆက်လက်ဆုံးရှုံးလျက်ရှိသည်ဟု အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရီယာအက်ဒ်မီရယ် ဒန်နီရယ်ဟဂ်ဂရီက နိုဝင်ဘာ ၈ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ အပစ်အခတ်ရပ်စဲမှုပြုလုပ်မည်မဟုတ်သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များအတွက် ခေတ္တရပ်နားမှုကိုမူ အစ္စရေးကခွင့်ပြုထားကြောင်း ၎င်းကဆက်ပြောသည်။

အီဂျစ်၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ဓားစာခံအချို့ ပြန်လွှတ်ပေးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များအတွက် တိုက်ပွဲများ ခေတ္တရပ်နားမှုကို သက်ဆိုင်ရာအဖွဲ့အစည်းများက သဘောတူလာနိုင်သည်ဟု အစ္စရေးမီဒီယာအချို့တွင် နိုဝင်ဘာ ၈ ရက်က ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်မြို့တော် မနီလာတွင် မီးလောင်မှုဖြစ်ပွားပြီး နှစ်ဦးသေဆုံး

**မနီလာ နိုဝင်ဘာ ၉**
ဖိလစ်ပိုင်မြို့တော် မနီလာရှိ လူနေဒေသတစ်ခုတွင် နိုဝင်ဘာ ၉ ရက်အစောပိုင်းက သုံးနာရီကြာ မီးလောင်မှုဖြစ်ပွားခဲ့ရာ ၆၉ နှစ် အရွယ်မိခင်ဖြစ်သူနှင့် ၄၂ နှစ် အရွယ်သားဖြစ်သူတို့ သေဆုံးခဲ့ကြောင်းဖိလစ်ပိုင်မီးဘေးကာကွယ်ရေးဗျူရို၏ အရာရှိတစ်ဦးက ပြောကြားသည်။



မီးသည် နိုဝင်ဘာ ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၂ နာရီခွဲတွင် လောင်ခဲ့ပြီး လျင်မြန်စွာကူးစက်ပျံ့နှံ့ခဲ့ကြောင်း မီးသတ်ဌာနအကြီးအကဲ အက်ဝါဒို လွန်းက ပြောသည်။ မီးသတ်သမားများသည် ယင်းနေ့နံနက် ၃ နာရီခန့်တွင် မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။

အိမ်ခြေ ၂၀ ထက်မနည်း မီးလောင်ခဲ့ပြီး မိသားစုဝင် ၄၀ ခန့် မီးဘေးသင့်ခဲ့သည်။

မီးလောင်မှုကြောင့် သေဆုံးသူနှစ်ဦး၏ရုပ်အလောင်းကို ရေချိုးခန်းနှင့် ညှော်ခန်းတွင် တွေ့ခဲ့ရကြောင်း အက်ဝါဒိုလွန်းက ပြောသည်။

မီးလောင်ရသည့် အကြောင်းရင်းကို သိရှိရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံတွင် ကျောင်းထွက်နှုန်းကို ဖြေရှင်းရန် အစိုးရကိုတောင်းဆိုထား

**ဗီယင်ကျန်း နိုဝင်ဘာ ၉**
လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်းနှင့် ကျေးလက်ဒေသများတွင် ဆရာဆရာမဦးရေရှားပါးမှုနှင့် ကျောင်းထွက်မှုနှုန်း မြင့်မားလာသည့်အပေါ် စိုးရိမ်လျက်ရှိကြောင်း လာအိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ထုတ်ဖော်ပြောကြားခဲ့ပြီး အဆိုပါပြဿနာကိုဖြေရှင်းပေးရန် အစိုးရကိုတောင်းဆိုခဲ့သည်။

အလယ်တန်းကျောင်းမှ ကျောင်းသားများကျောင်းထွက်မှုမှာ နှစ်ဆဖြစ်နေပြီး အဓိကအကြောင်းအရာမှာ ငွေရေးကြေးရေးအခက်အခဲကြောင့် မိသားစုများက ပညာသင်စရိတ် မထောက်ပံ့ပေးနိုင်ခြင်းနှင့် မိသားစုကိုထောက်ပံ့ရန် အလုပ်လုပ်ရမည့်အတွက် ကျောင်းထွက်ရခြင်းဖြစ်သည်ဟု လာအိုအမျိုးသား ရုပ်သံတွင် နိုဝင်ဘာ ၉ ရက်က ဖော်ပြထားသည်။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ဆရာအလုပ်မှ ထွက်ခြင်းသို့မဟုတ် အငြိမ်းစားယူခြင်းတို့ကြောင့် စာသင်ကျောင်း အများအပြားတွင် ဆရာအင်အားနည်းပါးမှုနှင့်ကြုံတွေ့နေရသည့်အတွက် လာအိုအစိုးရသည် အဆိုပါပြဿနာကိုဖြေရှင်းရန် စေတနာ့ဝန်ထမ်းဆရာများခန့်ထားခြင်း၊ ကျေးလက်ဒေသရှိ ဆရာ ဆရာမများအတွက် အထူးမူဝါဒများ ချမှတ်ခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# ဂါဇာမြောက်ပိုင်းဒေသခံများကို တောင်ပိုင်းသို့ပြောင်းရွှေ့ရန် အစ္စရေးစစ်ဘက်ပြောကြား

**ဂါဇာ နိုဝင်ဘာ ၉**
ဟားမားစ် စစ်သွေးကြွများနှင့် တိုက်ပွဲများ ပြင်းထန်နေချိန် အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဒေသခံများကို တောင်ပိုင်းသို့ ပြောင်းရွှေ့ရန် ပြောကြားလိုက်သည်။ တောင်ပိုင်းသို့ လူထောင်ချီ ပြောင်းရွှေ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

အစ္စရေးစစ်တပ်က နိုဝင်ဘာ ၈ ရက်က ဟားမားစ်တို့၏ မြေအောက် ဥမင်လိုဏ်ပေါက် ၁၃၀ ခန့်ကို ဖျက်ဆီးခဲ့ကြောင်း ပြောသည်။ အစ္စရေးတပ်ဖွဲ့များသည် အထူးသဖြင့် ဂါဇာမြောက်ပိုင်းရှိ ဥမင်လိုဏ်ခေါင်းများကို လေကြောင်းတိုက်ခိုက်မှုများနှင့်သာမက လက်နက်ကြီးများဖြင့် ပစ်ခတ်ပြီး အရှိန်အဟုန်ဖြင့် ဖျက်ဆီးလျက်ရှိသည်။

လူများ နားခိုရာနေရာဖြစ်သည့် ဆေးရုံများနှင့် တခြားနေရာများသည်လည်း ပစ်ခတ်မှုခံနေရသည်။ ဆိုးရွားစွာ လောင်စာဆီ ပြတ်တောက်မှုများက ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ၏ ဆောင်ရွက်ချက်များကို ခြိမ်းခြောက်လျက်ရှိသည်။ အတွင်းလူနာဆောင်ပါရှိသည့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံ ၄၀ ရာခိုင်နှုန်းခန့်ကို ပိတ်သိမ်းခဲ့ရကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ဂါဇာနှင့် အီဂျစ်ကြား နယ်စပ်ဖြတ်ကျော်ရေး ဂိတ်တွင်လည်း ရှုပ်ထွေးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

နိုင်ငံခြားသားများ ပါသည့် ပြောင်းရွှေ့မှုများကို နိုဝင်ဘာ ၁ ရက်က စတင်လုပ်ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် ယာယီပိတ်ခဲ့ရာမှ ယခုတစ်ဖန် ပြန်လည်ဖွင့်ပေးလိုက်ပြီဖြစ်သည်။

တချို့ကလည်း အကြောင်းအမျိုးမျိုးကြောင့် ဂါဇာဒေသမှ မည်သည့်နည်းနှင့်မျှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ပြောခဲ့သည်။

ဂါဇာ ကျန်းမာရေးအာဏာပိုင်များက ယခုအချိန်အထိ ဂါဇာတွင် လူပေါင်း ၁၀၅၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ကြောင်းနှင့် အစ္စရေးတွင် ၁၄၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ကြောင်း ပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုကြောင့် နှစ်ဦးသေဆုံး

**ကဘူးလ် နိုဝင်ဘာ ၉**
အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာရီပူလ်ပြည်နယ် ဆိုမာကာလာခရိုင်တွင် နိုဝင်ဘာ ၈ ရက်က ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး ကလေးတစ်ဦးအပါအဝင် နှစ်ဦးသေဆုံးခဲ့သည်ဟု ခရိုင်အုပ်ချုပ်ရေးမှူး မိုဟာမက်ဟာစိန်က နိုဝင်ဘာ ၉ ရက်တွင် ပြောသည်။

တောင်တန်းထူထပ်သည့် ပြည်နယ်များနှင့် မြို့တော် ကဘူးလ်အပါအဝင် အာဖဂန်နစ္စတန်ရှိ အခြားသောအစိတ်အပိုင်းများတွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် နှင်းကျဆင်းမှုတို့ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံတွင် ဆောက်လက်စတိုက်တစ်လုံးပြိုကျ ဆောက်လုပ်ရေးလုပ်သား လေးဦးသေဆုံး

**ကွာလာလမ်ပူ နိုဝင်ဘာ ၉**
မလေးရှားနိုင်ငံ တီရန်ကာနူပြည်နယ် ပါဟန်ရှန်ကျွန်း၌ နိုဝင်ဘာ ၉ ရက်က ဆောက်လက်စအဆောက်အအုံတစ်လုံး ပြိုကျခဲ့သောကြောင့် ဆောက်လုပ်ရေးလုပ်သား လေးဦးသေဆုံးခဲ့သည်။

သေဆုံးသူလေးဦးမှာ နိုင်ငံခြားသားများဖြစ်သည်။ တခြားလေးဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း တီရန်ကာနူမီးသတ်နှင့် ကယ်ဆယ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဘာဆရီကာမာရာဇာမင်န်က ထုတ်ပြန်ချက်တွင် ပြောခဲ့သည်။ မီးသတ်ဌာနမှ အခင်းဖြစ်ပွားရာသို့ ကယ်ဆယ်ရေးသမားများကို စေလွှတ်ခဲ့သည်။ အနံ့ခံခွေးများ၏ အကူအညီဖြင့်လည်း မြေအောက်နစ်မြုပ်နေသူများကို ရှာဖွေလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# စာတမ်းဖတ်ပွဲသည် ခရီးသွားလုပ်ငန်း စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမွန်သည့်အထောက်အပံ့ဖြစ်လာမည်

**နေပြည်တော် နိုဝင်ဘာ ၉**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်တို့မှ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဒုတိယပါမောက္ခနှင့် ဆရာ ဆရာမများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယနေ့ စာတမ်းဖတ်ပွဲသည် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒရေးရာများချမှတ်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း၏ လားရာပြောင်းလဲမှုနှင့် အကျိုးသက်ရောက်မှုများ စသည့် ခရီးသွားလုပ်ငန်း နယ်ပယ်အသီးသီးကို လေ့လာထားသည့် စာတမ်းများ ပါဝင်သည်ကို တွေ့ရှိရပါကြောင်း၊ စာတမ်းဖတ်ပွဲမှ ထွက်ပေါ်လာမည့် ပညာရပ်ပိုင်းဆိုင်ရာ ထောက်ခံအကြံပြုချက်များကို လက်တွေ့လုပ်ငန်းခွင်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရာ၌ တွေ့ကြုံရသည့် အခက်အခဲများ ဖြေရှင်းရာတွင် အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲချမှတ်ရာ၌ အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် သုတေသနပြုလုပ်ခြင်းသည် လိုအပ်ချက် တစ်ရပ်ဖြစ်သည့်အတွက် တက္ကသိုလ်/ကောလိပ်များမှ ပညာရှင်ဆရာ ဆရာမများအနေနှင့် ခရီးသွားကဏ္ဍ၌ သုတေသနလုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် စာတမ်းဖတ်ပွဲသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးနှင့် စနစ်တကျရေရှည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ မန္တလာတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ စာတမ်းရှင်များက ခရီးသွားကဏ္ဍဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ သဘာပတိများ ဖြစ်ကြသည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးတို့က ဖတ်ကြားခဲ့ကြသည့် စာတမ်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး စာတမ်းရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ကိုဗစ်အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို လေ့လာသုံးသပ်ဖော်ထုတ်ပြီး အစိုးရ၊ ပုဂ္ဂလိကနှင့် ခရီးသွားလုပ်ငန်းတွင် ဆက်စပ်ပါဝင်သူများအားလုံး ပူးပေါင်းညှိနှိုင်းကာ အကောင်းဆုံးနည်းလမ်းများကို ဖော်ထုတ်သွားရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် နေပြည်တော်ရှိ သတင်းစာတိုက်များ၊ ပုံနှိပ်စက်ရုံနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၌ လုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သတင်းစာတိုက်များနှင့် ပုံနှိပ်စက်ရုံ (ဝဲပုံ) တို့သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဝန်ထမ်းအိမ်ရာများနှင့် ရေဒီယိုအသံလွှင့်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ သတင်းထုတ်လွှင့်ဖော်ပြမှုများ စနစ်တကျရှိရန်၊ အမှားအယွင်း မဖြစ်စေရေးတို့ကို တာဝန်ရှိသူများက အမြဲကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်၊ စက်ပစ္စည်းများ၊ ကုန်ကြမ်း၊ ကုန်ချောများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိရန်၊ ကျောင်းသုံးစာအုပ်များနှင့် သတင်းစာများ ပုံနှိပ်ရာတွင် အရည်အသွေးကောင်းမွန်ရန်၊ ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ စက်ရုံ၊ အလုပ်ရုံနှင့် ဝန်ထမ်းအိမ်ရာများအပါအဝင် မီးဘေးအန္တရာယ် သတိထားပြီး မီး၊ ရေ သုံးစွဲမှု စနစ်တကျရှိစေရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ် သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရန် မှာကြားသည်။ **သတင်းစဉ်**

## အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သင်္ကေတအားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟု လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များ တည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပါထုတ်ဝေစာအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Book များ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေ ဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ)နှင့်အညီ E-Book Soft Copy (၅)အုပ်/ (၅) စောင်ကို မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန်လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဟိုင်းကြီးကျွန်းမြို့၌ ဆင်းသုခစပါးမျိုး စံကွက်ရိတ်သိမ်း

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ စိုက်ပျိုးရေးဦးစီးဌာန ဆင်းသုခစပါးမျိုး၊ မျိုးသန့်ထုတ် စပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၉ ရက်က ကညင်ချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၉၀၇) ကတတ်ကုန်းကွင်းဦးပိုင်အမှတ်(၁၈) တောင်သူ ဦးအောင်မြင့်နှင့် ဦးပိုင်အမှတ်(၂၂/၂)တောင်သူ ဦးကျော်သောင်းလယ်တို့၌ ပြုလုပ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဟိုင်းကြီးကျွန်းမြို့ ဒုတိယမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်လင်းနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး မြို့စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ အဆိုပါ တောင်သူနှစ်ဦး၏ လယ်တို့၌ မိုးစပါး(ဆင်းသုခ) စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း(အစို) တင်း ၇၀ ထွက်ရှိ၍ ယခင်နှစ်အထွက်နှုန်း (အစို)တင်း ၆၀ နှင့် နှိုင်းယှဉ်ပါက ၁၀ တင်း တိုးထွက်ရှိကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေနှင့် ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



**လွှဲပြောင်းပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားခုနစ်ဦးသည် ၎င်းတို့နှင့်အတူ ပါလာသည့် ကာဘိုင်တစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ M-22 တစ်လက်နှင့် ၎င်းကျည် ငါးတောင့်တို့ကိုအပ်နှံရာ တိုင်းမှူးက လက်ခံရယူခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်(**အပေါ်ပုံ**)၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ပါရှိသူ နှစ်ဦးအတွက် သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀ နှင့် တစ်ဦးလျှင် ထောက်ပံ့ငွေ ငါးသိန်းကျပ်စီ ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

**ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိ**

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Naypyitaw State Academy တည်ထောင်သည့် (၁)နှစ်ပြည့်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

Naypyitaw State Academy တည်ထောင်သည့် (၁)နှစ်ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူ လေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသော အဆင့်မြင့်ပညာရပ်များကို သင်ယူရာ တက္ကသိုလ်တစ်ခုကို တည်ထောင်ဖွင့်လှစ်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယနေ့ဆိုလျှင် တစ်နှစ်တိတိ ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ “ပညာရှင်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်” တစ်ခုဖြစ်ရန် ရည်မှန်းထားသည်နှင့်အညီ Naypyitaw State Academy ကို စတင်ဖွင့်လှစ်စဉ်က Faculty System ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဝိဇ္ဇာပညာ မဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန ဟူသော မဟာဌာနကြီး လေးခုအောက်တွင် ဘာသာရပ် ၁၂ ခုဖြင့် စတင်ဖွင့်လှစ်သင်ကြားခဲ့ပါကြောင်း။

ယခုဖွင့်လှစ်မည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆေးပညာမဟာဌာနကို တိုးချဲ့ဖွင့်လှစ်ပြီး ဆေးပညာ ပထမနှစ်သင်တန်းကို စတင် လက်ခံသင်ကြားမည်ဖြစ်သည့်အပြင် ဥပဒေပညာမဟာဌာနတွင် B.A(Law) ဘွဲ့သင်တန်း၊ စီးပွားရေးပညာ မဟာဌာနတွင် B.A(Eco) ဘွဲ့သင်တန်းများ အပါအဝင် အထူးပြုဘာသာရပ် ၁၅ ခုတွင် ပထမနှစ် ကျောင်းသားကျောင်းသူများကို စတင်လက်ခံသင်ကြားသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မကြာမီအချိန်ကာလအတွင်း မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့ သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စဉ်းစား တွေးခေါ်နိုင်မှုနှင့် တီထွင်ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားပြီး စိတ်ဓာတ်နှင့်ခံယူချက်မှန်ကန်ကောင်းမွန်သည့် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် ဆရာ ဆရာမများ၊ ဝန်ထမ်းများအားလုံး အရှိန်အဟုန်မြှင့် ဝိုင်းဝန်းဆောင်ရွက် ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က စာတမ်းဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။




ဖွင့်ပွဲအခမ်းအနားအပြီးတွင် Naypyitaw State Academy ၏ ဆရာ ဆရာမ၊ ဝန်ထမ်းများကို အမှတ်တရ ကံစမ်းမဲများ ဖောက်ပေးကြသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲများကိုစတင်ကျင်းပရာ ဒေါ်သန္တာဦးက “စံဘာသာစကားနှင့် နေ့စဉ်သုံး အပြောဝေါဟာရအချို့ ကွဲပြားချက်” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာတမ်းရှင် ဒေါ်ဝင်းမာလာသိန်းက “Myanmar-Bangladesh Diplomatic Relations Since 2011” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါ်အိအိမွန်က “Concentration, Distribution, Sources Analysis, and Potential Risk Assessment of Polycyclic Aromatic Hydro-carbon in Road Dusts from Mandalay, Myanmar” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါ်ခင်ရီထူးက “Green Synthe-sis of Tin (IV) Oxide Nanopar-ticles Using Plant Extract and The Study od Dye Removal” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာတမ်းရှင် ဦးကျော်သူက “Temperature and Solar Effects on Photovoltaic Panel” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာတမ်းရှင် ဒေါ်ဆွေယဉ်ထွန်းက “Construction of Car Parking Sensor by using HC- SR04 Ultrasonic Sensor and Arduino Uno Microcontroller” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါ်အိအိသက်ဖွေးက “Some Properties of Measurable Sets” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါ်မိုးနှင်းဖြူက “Effects of Social Welfare Factors on Increasing Labour Productivity of Garment Manufacturing Firms in Myanmar” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာတမ်းရှင် ဒေါ်နန်းသီတာဝင်းက “Reward and Motivation of Employee at Zeya & Associates Co.,Ltd.” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာတမ်းရှင် ဒေါ်ဝင်းစန္ဒာခင်က “Service Recovery and Customer Loyalty of Online Shops” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာတမ်းရှင် ဒေါ်ထွေးထွေးသက်က “Legal Study on Employment Contract in Myanmar” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာတမ်းရှင် ဒေါ်စိုးသီရိဖြူက “The Role of Court-Led Mediation in Civil Suits of Myanmar” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါ်နှင်းပွင့်အေးက “Legal Perspective on Shareholder Voting Rights: Ensuring Equity and Transparency in Corpo-rate Affairs in Myanmar” ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် စာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားကာ စာတမ်းရှင်များနှင့် မှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မိုင်းရယ်မြို့နယ်၌ မိုးစပါး စံပြကွက်ရိတ်သိမ်း

**မိုင်းရယ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးတစ်ဧက တင်း ၁၀၀ အထွက်နှုန်းရရှိရေး ၁၀ ဧက စံပြကွက် ရိတ်သိမ်းခြင်းကို ယမန်နေ့က နောင်မိုကျေးရွာအုပ်စု တောင်သူဦးစိုင်းရွှေလူပါ သုံးဦးပိုင် ကွင်းအမှတ် (၁၁)၊ ဦးပိုင်အမှတ်(၆/၇/၈)၌ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေး ဦးစီးအရာရှိ ဦးဇော်မြင့်နိုင်နှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြသည်။

ထိုသို့ စံပြကွက်ရိတ်သိမ်းရာတွင် ကောင်း၊ သင့်၊ ညှိခွဲ၍ ရိတ်သိမ်းခဲ့ရာ စိုက်ဧက ၁၀ ဧကမှ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၅၂ ဒသမ ၉၇ တင်း၊ အခြောက် ၁၃၀ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း၊ ယမန်နှစ်ကထက် အစို ၂၀ ဒသမ ၂၈ တင်း၊ အခြောက် ၁၀ ဒသမ ၃ တင်း တိုး၍ထွက်ရှိကြောင်း သိရသည်။

**မိုင်းရယ် (ပြန်/ဆက်)**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ငပုတောမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၉**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၆၃ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၂၇ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၂၁ ဦး၊ မျက်စိရောဂါ ၄၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ ခါတ်မှန်ရိုက်လူနာ လေးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ခုနစ်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ခြောက်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၃ ဦး စုစုပေါင်း ၂၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို နယ်မြေခံ ရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကာ မျက်စိခွဲစိတ်လူနာများအား ဆေးမျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)၌ ၂၀၁၆ ခုနှစ် မတ် ၂ ရက်တွင် မွေးဖွားပေးခဲ့သည့် သမီးငယ် မေသံလွင်ကို တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)မှ တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ် (၁) ရပ်ကွက်ရှိ ပြည်တော်အေးဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ အဆိုပါ နယ်လှည့် အထူးကုဆေးအဖွဲ့သည် မြန်အောင်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၃၁ ဦး၊ ခွဲစိတ်ရောဂါ ၉၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ခြောက်ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၈ ဦး၊ မျက်စိရောဂါ ၂၂၈ ဦးနှင့် သွားရောဂါ ကိုးဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက် လူနာ ၂၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ရှစ်ဦး စုစုပေါင်း ၈၃၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ တစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

၎င်းအပြင် မြန်အောင်မြို့နယ် မြို့မရေလယ်ကျွန်းနေ ဦးနေလင်းအောင်၏ဇနီးဖြစ်သူ ဒေါ်ယမင်းသူအား သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီး အောင်အောင်က သားဦးရတနာကို ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ခွဲစိတ်၍ မွေးဖွားပေးခဲ့ရာ ကလေးငယ်မှာ ကိုယ်အလေးချိန် ၇ ပေါင် ၇ အောင်စရှိ သားငယ်လေးအား မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့် ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ မောင်ဘုန်းလင်းရွှေ ဟု အမည်ပေးပြီး



တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ပေါ်ပါ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်။

ထောက်ပံ့ငွေနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာ များအား တာဝန်ရှိသူများက ကိုယ်စားပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ် မွေးဖွားသော ကလေးငယ်ဖြစ်ပြီး တပ်မတော် မြစ်တွင်းသွား ဆေးရုံ ရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)၏ ဆေးကုသမှု သမိုင်းမှတ်တမ်းတွင် (၂၇) ယောက်မြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ကျန်းမာရေး ဆောင်ရွက်ပေးမှုများ အပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

**ဒေါ်ညွန့်ကြည်**
**ကညင်ချောင်းကျေးရွာ**
**ဟိုင်းကြီးကျွန်း**



မျက်စိကတော့ ကွယ်တာ တစ်နှစ်ကျော်သွားပါပြီ။ နယ်လှည့် ဆေးကုသမှုသင်္ဘော လာတယ်ဆိုတော့ အလွန်ပျော်ပြီးတော့ အခုလို လာရောက်ကုသတာပါ။ မျက်စိက မကုနိုင်တော့ဘူးလို့ ညတိုင်း ငိုမိပါတယ်။ မနက်တိုင်း သမီးဖြစ်သူ ဈေးရောင်းဖို့သွားရင်လည်း ထမင်းအိုးကို မမြင်မကန်းနဲ့ တည်ရပါတယ်။ ငါ့ကို ကုသပေးမဲ့သူ မရှိပါလားလို့ တွေးမိပါတယ်။ အခုလိုကြားတော့ ဘယ်လိုဝမ်းသာမိမှန်း မသိပါဘူး။ အခုလို ကုသပေးတဲ့အတွက် အလွန်ပျော်မိပါတယ်။ မျက်စိက ညာဘက်က အလွန်ဆိုးပြီး ဘယ်ဘက်က မှုန်ပြီးတော့ အခုတော့ ကောင်းသွားပါပြီ။ အကုန်မြင်ရပါပြီ။ အခုတော့ မျက်စိ ကောင်းသွားတော့ ဈေးရောင်းဈေးဝယ် အလွန်လုပ်ချင်တာပါ။ အခုလုပ်လို့ရပါပြီ။ အခုလို မျက်စိလည်းကုပေးတယ်။ စားရေး သောက်ရေးကအစ အကုန်စီစဉ် ဆောင်ရွက်ပေးပါတယ်။ လမ်းစရိတ်လည်း မကုန်ပါဘူး။ ကားနဲ့လိုက်ပို့ပေးပါတယ်။ အခုလည်းကားနဲ့ပြန်ပို့ပေးမယ်လို့ ပြောပါတယ်။ အခုလို စေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကို အများကြီး ကျေးဇူးတင်ပါတယ်။

**မချိုမာဝင်း (ရေကန်ကျေးရွာ၊ မြန်အောင်မြို့)**



ကျွန်မက ခုဆိုနှစ်နှစ်လောက်ရှိပြီပေါ့နော်။ မနက်မိုးလင်းကတည်းက အမှုန်ဝင်တာပေါ့။ လယ်လုပ်တာဆိုတော့ စပါးအမှုန်တွေ ဘာတွေ ဝင်တာပေါ့။ တစ်နေ့လုံး နှာချေတယ်။ ညအိပ်လိုက်တယ်။ မနက်ကျ ကောင်းသွားတယ်ဆိုတော့ နည်းနည်း ပေါ့နေတာပေါ့။ ဆရာဝန်တွေဘာတွေ ပြကြည့်လိုက်တော့ ထိပ်ကပ်နာဖြစ်ချင်တဲ့ ရောဂါဆိုတော့ ဆေးလေးဘာလေး သောက်လိုက် ပျောက်လိုက်နဲ့ နှစ်နှစ်ကျော်ပြီဆိုတော့ ခုကျတော့ မြို့က ပါရဂူတွေလာမယ် ပြကြည့်ပါလားဆိုတော့ ကြားလို့လာခဲ့တာပါ။ ထိပ်ကပ်နာဖြစ်ချင်တဲ့ ရောဂါပေါ့နော်။ ရေချိုးလည်း စောစောချိုး၊ သူတို့ဆေးလေးတွေလည်း ပေးလိုက်တယ်ပေါ့နော်။ သောက်နေတော့ ပျောက်နေတာပဲ၊ ပျောက်နေတော့ ပေါ့နေလိုက်တယ်။ လေးရက်ငါးရက်ခြားမှ ဖြစ်တယ်။ တစ်ခါတလေကျ ဆယ်ရက်ခြားမှ ဖြစ်တယ်။ အဲဒီလိုနဲ့ပဲ နေလိုက်တာ။ ခုက ပါရဂူတွေ လာမယ်ဆိုတော့ ဒီကဆရာဝန်တွေနဲ့ အဆင်ပြေမယ် ထင်လို့ လာလိုက်တာ။ ဒီက ဆရာဝန်တွေက အကုန်စေတနာ ကောင်းပါတယ်။ ရောက်တာနဲ့ အကုန်ကြိုဆိုတာတွေရော အဆင်ပြေပါတယ်။ တချို့ကျတော့ ငွေကြေးမတတ်နိုင်ကြဘူးလေ။ ပြသဖို့ကျတော့ ဘယ်လိုလုပ် အဆင်ပြေမှာလဲ၊ ပိုက်ဆံမတတ်နိုင်တော့ တော်ရုံ တောသူတောင်သားတွေ မလုပ်နိုင်ကြဘူး။ အခုဟာကတော့ တောသူတောင်သား တွေရော မရှိတဲ့သူရော၊ ရှိတဲ့သူရော အကုန်လုံးအတွက် အဆင်ပြေပါတယ်။ အခုလို လာလုပ်ပေးတာလေ။ ကိုယ်တွေကအစ အမှန်ပြောရရင် သွားမယ် လာမယ်ဆို မသွားနိုင်ဘူးပေါ့။ သွားဖို့အရေးကို ခက်ခဲနေတာ။ အခုတော့ ဒီမှာ လာတာ အဆင်ပြေပါတယ်။ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေအားလုံးကို ကျေးဇူးတင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တွေလိုပဲ တခြားသူတွေလည်း အဆင်မပြေတဲ့သူတွေ ရှိကြမှာပဲလေ။ အခုလို စီစဉ်ပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေ အားလုံးကို ကျွန်မအနေနဲ့ တကယ့်ကို ကျေးဇူးတင်ပါတယ်။ အားလုံးအတွက် အဆင်ပြေအောင် လုပ်ပေးတဲ့အတွက် တကယ့်ကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**



တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) ပေါ်၌ ကလေးငယ်တစ်ဦးကို မွေးဖွားပေးစဉ်။

## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(ဇုန်-၂) အားကစားပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၃-၂၀၂၄ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(ဇုန်-၂) အားကစားပြိုင်ပွဲဖွင့်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား



အားကစားပြိုင်ပွဲရုံ(၁)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဒီဂရီကောလိပ်မှ အားကစားအဖွဲ့များနှင့် ဘင်ခရာအဖွဲ့များက သတ်မှတ်နေရာများတွင် နေရာယူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားအဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။(ဓါတ်ပုံ)

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အေရိုးဗစ်အသင်းမှ သမီးငယ်လေးများက အေရိုးဗစ်ဖြင့် သရုပ်ပြသခြင်း၊ Zumba ဖြင့် သရုပ်ပြသခြင်း၊ ဘင်ခရာအဖွဲ့က သရုပ်ပြတီးမှုတ်ဖျော်ဖြေတင်ဆက်ခြင်းတို့ ဆောင်ရွက်ကြသည်။

ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို မန္တလေးဇုန်နှင့် ရန်ကုန်ဇုန်ဟူ၍ နှစ်ဇုန်ခွဲကာ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မန္တလေးဇုန်(ဇုန်-၁)တွင် ပညာရေးဒီဂရီကောလိပ် ၁၂ ကျောင်း၊ ရန်ကုန်ဇုန်(ဇုန်-၂)တွင် ပညာရေးဒီဂရီကောလိပ် ၁၄ ကျောင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အားကစားနည်းများအနေဖြင့် အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ လည်းကောင်း၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲများပြီးဆုံးချိန်တွင် ဆုရအသင်းများအား ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၉

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Win Thandar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ ဝင်းသန္တာထွန်းအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Hlaing Phone Myint" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ လှိုင်ဘုန်းမြင့်အား မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ "Moh Moh" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ မို့မို့မြင့် အား မွန်းလွဲ ၃ နာရီတွင် လည်းကောင်း၊ "Wai Lin Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဝေလင်းစိုး(ခ)သံဖြတ်အား မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ "Acharya Kancho" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်နေ ဂိုလ်ကူးလ်(ခ)ခင်မောင်ထွန်း အား ညနေ ၅ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ပွဲနှင့် သီးလုံးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ဆွမ်းကျွေးအလှူပွဲကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၉**

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အဖွဲ့အား ထောက်ခံ အားပေးမှုမရှိသည့် မြို့နယ်များအတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သား ပြည်သူများ သွားလာရာလမ်းတံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများသို့ လက်နက်ကြီး၊ Drop Bomp များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

**ကလေးငယ်တစ်ဦးအပါအဝင် စုစုပေါင်း ၁၆ ဦး ဗုံးစထိမှန်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းကျေးရွာရှိ ဦးစိုးပိုင်၏ နေအိမ်၌ နိုဝင်ဘာ ၈ ရက်တွင် မင်္ဂလာဆောင်ပွဲပြုလုပ်နေစဉ် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ မြောက်ဘက်မှနေ၍ Drone များ အသုံးပြုကာ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးကျရောက်ပေါက်ကွဲမှုကြောင့် မင်္ဂလာဆောင်သို့ ရောက်နေသည့် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသားတစ်ဦးသေဆုံးပြီး အသက် ၁၀ လ အရွယ် ကလေးငယ်တစ်ဦးအပါအဝင် စုစုပေါင်း ၁၆ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

**သံဃာတော်တစ်ပါးနှင့် အမျိုးသမီးတစ်ဦးတို့ ဗုံးစထိမှန်**

အလားတူ ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ မင်းကြီးဘုန်းတော်ကြီး ကျောင်းတိုက်၌ နံနက် ၁၀ နာရီခန့်တွင် ဆွမ်းကျွေးပြုလုပ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက Drone များအသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် ဆွမ်းကျွေးအလှူပွဲသို့ ရောက်ရှိနေသည့် သံဃာတော်တစ်ပါးနှင့် အမျိုးသမီး တစ်ဦးတို့ ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။



PDF အမည်ခံအကြမ်းဖက်သမားများက မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ပွဲသို့ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ



PDF အမည်ခံအကြမ်းဖက်သမားများက သီးလုံးကျေးရွာရှိ ဆွမ်းကျွေးအလှူပွဲသို့ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများအား ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲအခမ်းအနား တက်ရောက်

**မော်လမြိုင် နိုဝင်ဘာ ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(ကုန်စည်ဒိုင်ခန်းမ)၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံစီးပွားရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် MSME လုပ်ငန်းများကို အားပေးကူညီခြင်းက နိုင်ငံ၏စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရာရောက်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း မိသားစုဝင်ငွေတိုးပွားလာခြင်းကြောင့် သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးကို အကောင်းဆုံး အထောက်အပံ့ပေးနိုင်ခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်လာနိုင်ပြီး နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အိကလျာနိုင်က စီမံကိန်းလုပ်ငန်းအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သင်တန်းသား၊ သင်တန်းသူများ ထံပေးအပ်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**စည်သူ(ပြန်/ဆက်)**

# မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၈)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ နိုဝင်ဘာ ၈ ရက်က ၂၀၂၃ ခုနှစ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအသက် ၂၅ နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပသည်။ **(အောက်ပုံ)**



အဆိုပါ ဘောလုံးပြိုင်ပွဲတွင် လမ်းမတော်မြို့နယ်ဘောလုံးအသင်းနှင့် ဒဂုံမြို့နယ် ဘောလုံးအသင်းတို့က ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ဒဂုံမြို့နယ်အသင်းက လမ်းမတော်မြို့နယ် ဘောလုံးအသင်းကို သုံးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဘောလုံးပြိုင်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစံကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးလွင်၊ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထက (၁) လမ်းမတော် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အထက (၂)လသာမှ ဘင်ခရာအဖွဲ့၅၀၊ ဘောလုံးဝါသနာရှင်ပြည်သူစုစုပေါင်း ၃၀၀ တက်ရောက်ကြည့်ရှုအားပေးကာ မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို လမ်းမတော်မြို့နယ်၊ ဒဂုံမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ် အတွင်းရှိ ဝါသနာရှင် ဘောလုံးအားကစားသမားများက နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

❒ *ကျော့ဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် ယခုပြိုင်ပွဲတွင် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း သရေတစ်မှတ်သာရသဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဆီဘူးအသင်းကို ပထမအကျော့ရှုံးကြွေးပြန်မဆပ်နိုင်ဘဲ သရေတစ်မှတ်သာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ဆီဘူးအသင်းတို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ၄၉ မိနစ်တွင် ဆီဘူးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ကော်ဆာမီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၈၁ မိနစ်တွင် ဇွဲခန့်မင်းက သွင်းယူခဲ့သည်။

လေးပွဲစီကစားအပြီးတွင် မက်ကာသာအသင်းနှင့် ဖနွမ်းပင်ခရောင်းအသင်းက ကိုးမှတ်စီ၊ ဆီဘူးအသင်းက လေးမှတ်၊ ရှမ်းယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပဉ္စမပွဲအဖြစ် နိုဝင်ဘာ ၃၀ ရက်တွင် ဩစတြေးလျကလပ် မက်ကာသာအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–သော်လေး**

◆ *ကျော့ဖုံးမှ*

မန်ယူအသင်းသည် ပွဲချိန် မိနစ် ၃၀ အတွင်း တိုက်စစ်ကစားသမား ဟွိုင်လန်း၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် ရက်ဖို့ဒ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံရခြင်းနှင့်အတူ ချေပဂိုးများနှင့် အနိုင်ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် လေးဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ရမှတ်သုံးမှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေပြီး နောက်တစ်ဆင့် တက်လှမ်းရေးမျှော်လင့်ချက် မှေးမှိန်ခဲ့ရပြီဖြစ်သည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၄) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် ဘိုင်ယန်မြူးနစ်က ဂါလာတာစာရေးကို နှစ်ဂိုး – တစ်ဂိုး၊ အာဆင်နယ်က ဆီဗီလာကို နှစ်ဂိုး – ဂိုးမရှိ၊ ပီအက်စ်ဗွီက လန်းစ်ကို တစ်ဂိုး–ဂိုးမရှိ၊ ရီးရဲမက်ဒရစ်က ဘရာဂါကို သုံးဂိုး–ဂိုးမရှိ၊ ဆိုစီဒက်က ဘင်ဖီကာကို သုံးဂိုး – တစ်ဂိုး၊ အင်တာမီလန်က ဆောလ်ဘတ်ကို တစ်ဂိုး – ဂိုးမရှိဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး နာပိုလီနှင့် ယူနီယံဘာလင်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ **အောင်ဇော်**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | – | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | – | မြင့်စိုး |
| **သတင်းထောက်မှူး** | – | ခင်ရတနာ |
| **စာတည်းများ** | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | – | တင်စိုး |
| **သုတေသန** | – | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | – | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | – | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၃၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၃၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၃၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ – ၁၁ – ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၁၅ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၁၀၀၀ | ၈၆၀၀၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၀၀၈ | ၂၉၂၃၂၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁ | ၇၉၀၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၃၁၂၁ | ၄၉၉၃၆၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၉၆ | ၂၃၅၂၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၂၅၅ | ၅၁၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၃၉ | ၇၀၂၀၀ |

ညီညီ – စုစည်းသည်

## တစ်ဦးတည်းမူပိုင်လုပ်ငန်းအမှတ်တံဆိပ်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်ဝင်းအောင် ၁၂/ဒပန(နိုင်) ၀၄၀၆၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် (၁၉၆၆/၂၀၂၂)ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်-

(အလီမှာ) Alainmar Printing Service & Bookshop

(အလီမှာ) Alainmar Printing Service & Bookshop

ကျွန်ုပ်၏မိတ်ဆွေသည် ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသေ လုပ်ငန်းကိစ္စအဝဝတို့တွင်လည်းဖော်ပြပါတံဆိပ် အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုး မျိုးတို့ကိုလည်း ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Letter Head, E-mail, Internet, Website, Logo, Invitation, Letter, Facebook အစ ရှိသည်တို့ဖြင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုအသုံးပြုလျက်ရှိသော ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားလုပ်ငန်းတူသူများက ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ဆောင်ရွက်လျှင်သော်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း လုံးဝမပြုလုပ်ပါရန်နှင့် အကယ်၍ တုပသုံးစွဲပါက မြန်မာနိုင်ငံတည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဟေမာန်ဦး(စဉ်-၁၄၃၄၀)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၆၄)၊ တပင်ရွှေထီးလမ်း၊ ဗမာအေးရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၂၇၃၄၀၅၇

### ဖခင်အမည်မှန်

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ရွှေဘို) တတိယနှစ် မှ မသီသီနိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၉/ရမသ(နိုင်)၀၁၉၁၇၁ ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းနိုင်

### ပျောက်ဆုံးကြောင်း

နန်းချစ်ချစ်မိုး ၃/ဘအန (နိုင်) ၄၇၃၃၉၅ ၏ ပတ်စ်ပို့နံပါတ်အမှတ် (MH 066972) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉ ၇၆၅ ၅၉၇ ၇၈၇

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/41338, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/13326, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

### အမည်ပြောင်းလဲခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အလက တပ်ကုန်း(မ) Grade-4 မှ (ဦးအောင်စိုးသူ) ၈/မသန(နိုင်) ၀၈၈၉၀၇နှင့်ဒေါ်မာလာမြင့် ၈/မသန (နိုင်) ၀၈၄၃၈၃ တို့၏သမီး မဆုလာဘ်ရတနာထက်အား မကြွယ်စင်ရွှန်းလဲ့ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မကြွယ်စင်ရွှန်းလဲ့

### ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၁-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဦးညွန့်ဇင်း အစား ဦးညွန့်ဝင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### သွေးသည် အသက်

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ကြီးကန်ကျေးရွာ၊ ကြီးကန် အမက ကျောင်း Grade – 5 မှ မောင်အောင်မြင့်မြတ် ၏ ဖခင်အမည်မှန်မှာ ဦးကိုကိုဇင် ၈/သရန(နိုင်)၀၈၂၁၀၅ ဖြစ်ပါကြောင်း။

ဦးကိုကိုဇင်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/38471, Honda PCX 160 မော်တော်ဆိုင်ကယ် ယာဉ်လက် ဝယ်ရှိသူ ဦးအောင်ပိုင်ဟိန်း ၁၄/မအပ(နိုင်)၃၄၄၀၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့၊ (၂၂)ရပ်ကွက်နေ ဦးအောင်ထွေး-ဒေါ်နီနီအောင် တို့၏ သားမောင်အာကာမိုးမြင့် ၁၂/ရပသ(နိုင်) ၁၀၇၉၁၀ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

မိဘများ-
ဦးအောင်ထွေး
၁၂/သကတ(နိုင်)၀၅၅၈၃၈
ဒေါ်နီနီအောင်
၁၂/သကတ(နိုင်)၀၅၆၀၅၂

### အလီမှာ စာမှာရှိ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဘီ၊ မြေကွက်အမှတ် ၅၂၀/အီး၄ ဧရိယာ(၀.၁၃)ဧက၊ မြေကွက်တည်နေရာအမှတ်(၄၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမောင်မောင်တင်(စီအီး/၁၁၅၀၈၄) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်(ခင်ပွန်း)ဦးမောင်မောင်တင် သည် (၁၄-၇-၂၀၁၇)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် (ဇနီး) ဒေါ်ဆွေဆွေဝင်း (၁၂/ဗဟန(နိုင်) ၀၈၀၇၆၄)မှ ၎င်းသာလျှင် တရားဝင်ဇနီးဖြစ်ပြီး အခြားသော ဇနီး/မယားတစ်ဦး တစ်ယောက်မျှမရှိကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှတ်ပုံတင်အမှတ်-၂၁၈၉/၂၀၂၃(၂၆-၉-၂၀၂၃)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးမောင်မောင်တင် ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊မြေကွက် ၅၂၀အီး/၁စီ ဧရိယာ(၀.၀၄၅)ကေ ၏ အပိုင်ပေးစာချုပ်-၆၇၉/၁၉၈၃(၁၂-၈-၁၉၈၃)၊ မြေကွက် ၅၂၀/အီး၂ ဧရိယာ(၀.၃၁၀)ကေ၏ အပိုင်ပေးစာချုပ်-၂၈၀/ ၁၉၈၄ (၃-၅-၁၉၈၄)၊ မြေကွက် ၅၂၀/အီး၁စီ ဧရိယာ(၀.၀၄၅)ကေ၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာချက်စာချုပ်-၇၅၃/၁၉၈၄(၂၁-၉-၁၉၈၄)၊ မြေကွက် ၅၂၀/အီး ၁စီ ဧရိယာ(၀.၀၄၅)ကေ၏ စွန့်လွှတ်စာချုပ်- ၇၅၄/၁၉၈၄(၂၇-၉-၁၉၈၄)၊ မြေကွက် ၅၂၀အီး/၁အေ ဧရိယာ(၀.၅၄၁)ကေ၏ အပိုင်ပေးစာချုပ် -၉၃၇/၁၉၈၅(၁၂-၉-၁၉၈၅)၊ ၁၉၉၂-ခုနှစ် မြို့ရွာနှင့်အိုး အိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွဲစိတ်သည့်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဘီ၊ မြေကွက်အမှတ် ၅၂၀/အီး ၁၁ ဧရိယာ (၀.၀၄၂)ကေ၊ မြေကွက်တည်နေရာအမှတ် (၄၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမောင်မောင်တင်(စီအီး/၁၁၅၀၈၄) အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက်(ခင်ပွန်း)၊ ဦးမောင်မောင်တင် သည် (၁၄-၇-၂၀၁၇)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် (ဇနီး) ဒေါ်ဆွေဆွေဝင်း (၁၂/ဗဟန(နိုင်)၀၈၀၇၆၄)မှ ၎င်းသာလျှင် တရားဝင်ဇနီးဖြစ်ပြီး အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှ မရှိကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှတ်ပုံတင်အမှတ်-၂၁၉၀/၂၀၂၃(၂၆-၉- ၂၀၂၃)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးမောင်မောင်တင်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေကွက် ၅၂၀ အီး/၁စီ၊ ဧရိယာ (၀.၀၄၅)ကေ၏ အပိုင်ပေးစာချုပ်-၆၇၉/၁၉၈၃(၁၂-၈-၁၉၈၃)၊ မြေကွက်-၅၂၀/အီး၂ ဧရိယာ (၀.၃၁၀)ကေ၏ အပိုင်ပေးစာချုပ်-၂၈၀/၁၉၈၄ (၃-၅-၁၉၈၄)၊ မြေကွက်-၅၂၀/အီး ၁စီ ဧရိယာ (၀.၀၄၅) ကေ၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာချက်စာချုပ်-၇၅၃/၁၉၈၄(၂၁-၉-၁၉၈၄)၊ မြေကွက် ၅၂၀/အီး ၁စီ ဧရိယာ (၀.၀၄၅)ကေ၏ စွန့်လွှတ်စာချုပ်-၇၅၄/၁၉၈၄ (၂၇-၉-၁၉၈၄)၊ မြေကွက် ၅၂၀အီး/၁ အေ ဧရိယာ (၀.၅၄၁)ကေ၏ အပိုင်ပေးစာချုပ်-၉၃၇/၁၉၈၅ (၁၂-၉-၁၉၈၅)၊ ၁၉၉၂-ခုနှစ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ ခွဲစိတ်သည့်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မစန္ဒီ ၁၁/ပတန(နိုင်)၀၆၈၀၅၄နှင့် မောင်နေလင်းထွန်း ၁၁/စတန(နိုင်)၀၈၁၂၅၈ တို့သည် ၁၁-၁၁-၂၀၂၂ ရက်မှစ၍ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ မောင်နေလင်းထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် စုံစမ်းမေးမြန်းခြင်း မပြုလုပ်ကြရန် အများသိရှိစေရန် ကြေညာအပ်ပါသည်။

မစန္ဒီ ၁၁/ပတန(နိုင်)၀၆၈၀၅၄

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/86754, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၉/မလန (နိုင်) ၁၆၈၁၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/73883, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co., Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

# ပေါင်မြို့နယ် ပညာရေးဇုန်အလိုက် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး အားကစားပြိုင်ပွဲ ကျင်းပ



**ပေါင် နိုဝင်ဘာ ၉**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ကိုယ်ခန္ဓာကြံ့ခိုင်ကျန်းမာရေးအတွက် ပညာရေးဇုန်အလိုက် ကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး အားကစားပြိုင်ပွဲကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ စတင်ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက အမှာစကား ပြောကြားပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အားကစားမှူးတို့က အားကစားအတွက် သင်ထောက်ကူ ပစ္စည်းများ ပေးအပ်ကာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက အားကစားအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ ဖွင့်ပွဲကို ဘင်ခရာ အက၊ အေရိုးဗစ်အကအဖွဲ့များဖြင့် ဖျော်ဖြေကာ ပထမနေ့ ဘော်လီဘောပြိုင်ပွဲ တောင်အရှေ့ဇုန်နှင့် မုတ္တမဇုန်အသင်းတို့က ပါဝင်ယှဉ်ပြိုင်ကာ ပြိုင်ပွဲကိုစတင်ခဲ့သည်။ ဆက်လက်၍ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ဘောလုံး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ် စသည့်အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၂ ရက်အထိ ငါးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ၊**
**ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ထားဝယ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံ ရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်မည့် ဓာတ်အားလိုင်း/ထရန်စဖော်မာ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၄-၁၁-၂၀၂၃ရက် မှ ၂၈-၁၁-၂၀၂၃ ရက်ထိ

(ခ) တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန် - ၂၉-၁၁-၂၀၂၃ ရက် ညနေ ၄ နာရီ

(ဂ) တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ - တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**ထားဝယ်မြို့**

ဖုန်း-၀၉-၄၃၀၀၇၈၄၀၊ ၀၉-၂၅၁၀၀၁၆၉၀၊ ၀၉-၄၂၅၃၁၇၂၄၂၊ ၀၉-၂၆၂၈၄၃၂၅၉

## တစ်ဦးတည်းဖြစ်ကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ကုလားချောင်းကျေးရွာနေ မောင်နေဇော်ဝင်း၏ ဖခင် ဦးမောင်ရှိချေ ၁၁/ပဏတ(နိုင်)၀၀၈၉၅၂ နှင့် ဦးမောင် ရှိမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ရှိချေ(ခ)ဦးမောင်ရှိ**

## အမည်ပြောင်း

စစ်တွေမြို့၊ ထက်မြက်ထွန်းကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade-9 မှ (ဘ) ဦးမောင်မောင်စော ၁၁/ကတန(နိုင်)၀၀၅၉၄၁၏သား မောင်လင်းခန့်ဇော်အား မောင်ကောင်းကျော်လင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းကျော်လင်း**

## Passport ပျောက်ဆုံးကြောင်း

ပုသိမ်မြို့၊ အမှတ် (၂)ရပ်ကွက်နေ မသိမ့်သိမ့်ဖြိုး (ဘ)ဦးဖွံ့ဖြိုး ၁၄/ကကန(နိုင်)၁၃၀၆၉၆၏ နိုင်ငံကူးလက်မှတ် အမှတ် MB-296119 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၃၆၆၆၂၆

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ ကွက်သစ်ရပ်၊ ကုန်သည်လမ်း၊ အမှတ်(၂၆)နေ ဦးတင်မောင်ဖေ၏သမီး ဒေါ်အုန်းမြကြည်၏ အမည်မှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ဒေါ်အုံးမြကြည် ၆/မအရ(နိုင်)၀၁၁၂၅၈ဖြစ်ပါကြောင်း။

**ဒေါ်အုံးမြကြည်**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ်(၆၈)၊ အကွက်အမည်(စမ်းချောင်းအရှေ့)၊ မြေကွက်အမှတ်(၁၃၁)၊ ဧရိယာ(၀ဒသမ၀၅၆)ကေရှိ မြေကွက်အား ဂရန်အမှတ်တွဲ အမှတ်(၃၆၁/၉၁)အရ ကျွန်မ၏ ခင်ပွန်းဖြစ်သူ တပ်သားမင်းလှိုင်အမည်ဖြင့် ရရှိပိုင်ဆိုင်ထားရာ ခင်ပွန်းဖြစ်သူသည် (၁၃-၁၁-၂၀၂၂)ရက်တွင် ကွယ်လွန်ခဲ့ပြီး ၎င်းအမည်ပေါက်မြေငှားဂရန်မူရင်းမှာလည်း ပျောက်ဆုံးသွားပါသဖြင့် ကျွန်မ ဒေါ်ခင်ဆွေ အမည်ဖြင့်ပျောက်ဆုံးအမည်ပြောင်း မြေငှားဂရန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေ**
**တပ်သားမင်းလှိုင်၏ဇနီး (ဖုန်း-၀၉-၇၅၁၁၁၄၉၅၆)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ရောင်ခြည်လမ်း၊ အမှတ်(ခ/၂၉) နေ ဦးဝင်းဟန်ကို ၁၃/တကန(နိုင်)၀၇၃၂၂၅ နှင့် ဒေါ်ချယ်ရီ ၁၃/တကန(နိုင်) ၁၃၇၄၆၂ တို့၏သား မောင်သူရဟန်ကို ၁၃/တကန(နိုင်)၂၈၉၀၁၆သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိသဘောအလျောက်သာ နေထိုင်လျက်ရှိသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောမည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ- ဦးဝင်းဟန်ကို-ဒေါ်ချယ်ရီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/29609, Honda Steed 400 ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်အောင် ၁၂/ပဇတ(နိုင်)၀၂၉၆၃၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**အောင်ပန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43/4606, Howo Simo Truck, Tractor Head (6x4) ယာဉ်လက်ဝယ်ရှိသူ ဦးချွဲလယား(ခ) အေးလွင် ၇/နတလ(နိုင်) ၀၈၁၅၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး) ရန်ကုန်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ ဘုရားငါးဆူအနောက်ရပ်နေ (ဘ)ဦးသာကျော်၏သမီး ဒေါ်အေးအေးသိန်း(ခ)ဒေါ်အေးသိန်း၆/မအရ(နိုင်)၀၀၈၈၉၄မှာ တစ်ဦးတည်းဖြစ်ပြီး ဒေါ်အေးအေးသိန်း(ခ)ဒေါ်အေးသိန်း ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၈-၃-၁၉၆၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3G/5830 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၄၄၁၆၂, Honda Click 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးဇော်ငြိမ်းချမ်း ၆/မမန(နိုင်)၁၆၁၂၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၄၁၇၇၅, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဇင်အောင် ၆/မမန(နိုင်) ၁၇၄၂၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဘီ၊ မြေကွက်အမှတ် ၅၂၀/အီး ၅ ဧရိယာ (၀.၃၂) ဧက၊ မြေကွက်တည်နေရာအမှတ် (၄၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမောင်မောင်တင် (စီအီး/၁၁၅၀၈၄) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးမောင်မောင်တင်သည် (၁၄-၇-၂၀၁၇)ရက်တွင် ကွယ်လွန်ခဲ့သဖြင့်(ဇနီး)ဒေါ်ဆွေဆွေဝင်း (၁၂/ဗဟန(နိုင်)၀၈၀၇၆၄)မှ ၎င်းသာလျှင် တရားဝင်ဇနီးဖြစ်ပြီး အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှတ်ပုံတင်အမှတ်-၂၁၈၆/၂၀၂၃ (၂၆-၉-၂၀၂၃)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးမောင်မောင်တင်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေကွက် ၅၂၀/အီး ၁ စီ ဧရိယာ (၀.၀၄၅) ဧက၏ အပိုင်ပေးစာချုပ်-၆၇၉/၁၉၈၃ (၁၂-၈-၁၉၈၃)၊ မြေကွက်-၅၂၀/အီး၂ ဧရိယာ (၀.၃၁၀)ဧက၏ အပိုင်ပေးစာချုပ်-၂၈၀/၁၉၈၄ (၃-၅-၁၉၈၄)၊ မြေကွက် ၅၂၀/အီး ၁စီ ဧရိယာ ၀.၀၄၅ ဧက၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာချက်စာချုပ်-၇၅၃/၁၉၈၄ (၂၁-၉-၁၉၈၄)၊ မြေကွက်-၅၂၀/အီး ၁စီ ဧရိယာ (၀.၀၄၅)ဧက၏ စွန့်လွှတ်စာချုပ်-၇၅၄/၁၉၈၄ (၂၇-၉- ၁၉၈၄)၊ မြေကွက်-၅၂၀အီး/၁အေ (၀.၅၄၁)ဧက၏ အပိုင်ပေးစာချုပ်-၉၇၃/၁၉၈၅ (၁၂-၉-၁၉၈၅)၊ ၁၉၉၂-ခုနှစ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ခွဲစိတ်သည့်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဘီ၊ မြေကွက်အမှတ် ၅၂၀/အီး ၆၊ ဧရိယာ (၀.၁၂၂)ဧက၊ မြေကွက် တည်နေရာအမှတ် (၄၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမောင်မောင်တင် (စီအီး/၁၁၅၀၈၄) အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက်(ခင်ပွန်း)၊ ဦးမောင်မောင်တင်သည် (၁၄-၇-၂၀၁၇)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် (ဇနီး) ဒေါ်ဆွေဆွေဝင်း (၁၂/ဗဟန(နိုင်)၀၈၀၇၆၄)မှ ၎င်းသာလျှင် တရားဝင်ဇနီးဖြစ်ပြီး အခြားသောဇနီး/ မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် မှတ်ပုံတင်အမှတ်-၂၁၈၃/၂၀၂၃ (၂၆-၉-၂၀၂၃)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးမောင်မောင်တင်၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေကွက် ၅၂၀ အီး/၁စီ ဧရိယာ (၀.၀၄၅)ဧက၏ အပိုင်ပေးစာချုပ်-၆၇၉/၁၉၈၃ (၁၂-၈-၁၉၈၃)၊ မြေကွက်- ၅၂၀/အီး၂ ဧရိယာ (၀.၃၁၀)ဧက၏ အပိုင်ပေးစာချုပ်-၂၈၀/၁၉၈၄ (၃-၅-၁၉၈၄)၊ မြေကွက်-၅၂၀/အီး ၁စီ ဧရိယာ (၀.၀၄၅)ဧက၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာချက်စာချုပ်-၇၅၃/၁၉၈၄ (၂၁-၉-၁၉၈၄)၊ မြေကွက် ၅၂၀/အီး ၁စီ ဧရိယာ (၀.၀၄၅)ဧက၏ စွန့်လွှတ်စာချုပ်-၇၅၄/၁၉၈၄ (၂၇-၉-၁၉၈၄)၊ မြေကွက် ၅၂၀အီး/၁ အေ ဧရိယာ (၀.၅၄၁)ဧက၏ အပိုင်ပေးစာချုပ်-၉၃၇/၁၉၈၅ (၁၂-၉-၁၉၈၅)၊ ၁၉၉၂-ခုနှစ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွဲစိတ်သည့်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## IN THE MATTER OF INSOLVENCY LAW
## BETTER WAY CONSULTANT (MYANMAR)COMPANY LIMITED
## (In Members' Voluntary Winding Up)

According to the Special Resolution at the General Meeting held on 7–11–2023 through Online Virtual Meeting and it was resolved that:

(1) "BETTER WAY CONSULTANT (MYANMAR) COMPANY LIMITED" be wound up voluntarily by the members with effect from 7–11–2023.

(2) Be appointed U YE NOOS (Supreme Court Advocate)of YE NOOS & ASSOCIATES (Law Firm)at No.176(First Floor), Botahtaung Pagoda Road, Miba Yeik Mon Condo, Pazundaung Township, Yangon Region as liqui– dator of the Company for the purpose of winding up.

(3) The creditors of "BETTER WAY CONSULTANT (MYANMAR)COMPANY LIMITED" are, therefore, requested to submit their claims together with supporting legal documents to the liquidator at the address given above latest by 6–12–2023.

MR, PADUNGSAK SUKSUDET
Director
BETTER WAY CONSULTANT (MYANMAR) COMPANY LIMITED

## In the Matter of Voluntary Winding Up subject to the Insolvency Law
## SWITCHER TRADING AND MANUFACTURING LTD
## (ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးတည်းသောအစုရှယ်ယာရှင်က ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းခြင်း)

(က) ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင် စာဖြင့်ရေးသားချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ-

(၁) **SWITCHER TRADING AND MANUFACTURING LTD** အား (၇-၁၁-၂၀၂၃) ရက်မှစ၍ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များ အား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင် ပစ္စည်းများ ခွဲဝေရန်အတွက် ဒေါ်သန့်မြတ်ဝင်း (B.Com. (Q), C.P.A, Dip. in IFR, Dip. in Business Law, Certified Public Accountant) **FOCUS CONSULTING GROUP LIMITED** အမှတ် ၁၈၀ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ တော်ဝင်မြန်မာကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ (ဖုန်း-၉၅၁-၂၉၇၂၄၉၊ ၉၅၁-၉၁၁၀၂၀၃~၂၀၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

(ခ) **SWITCHER TRADING AND MANUFACTURING LTD** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၃ခုနှစ်၊ ဒီဇင် ဘာလ ၆ရက်နေ့ နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ရီ**
**(မန်နေဂျင်းဒါရိုက်တာ)**
**SWITCHER TRADING AND MANUFACTURING LTD**

## ကန့်ကွက်နိုင်ပါကြောင်း

